မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၃၆)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၂ ခုနှစ် (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားကို ယနေ့ ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

တက်ရောက်

အဆိုပါ ၂၀၁၂ ခုနှစ် (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်

စာမျက်နှာ ၃ ကော်လံ ၁ ◆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအပြီး မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် ယဉ်ကျေးမှုတက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်)

ပညာရေးအခွင့်အလမ်းများပွင့်လန်းရာ စစ်ကိုင်းအောင်ရာမြေ

မြန်မာနိုင်ငံအလယ်ပိုင်းဒေသတစ်ခုဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးသည် လူဦးရေငါးသန်းနီးပါး နေထိုင်ရာ တိုင်းဒေသကြီးတစ်ခုဖြစ်၏။ လူဦးရေများပြားလာသည့်အလျောက် ပညာရေးအခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်လာပေသည်။

ထို့ကြောင့်ပင် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက်က စစ်ကိုင်းမြို့သို့ သွားရောက်ကာ ဒေသနေကျောင်းသား ကျောင်းသူများအတွက် ပညာရေးအခွင့်အလမ်းများကို ဖော်ဆောင်ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။ ဤနေ့သည်ကား စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည်သူများအတွက် ထူးခြားသောနေ့တစ်နေ့ပင်ဖြစ်တော့သည်။ အဘယ်ကြောင့်ဟူမူ နိုင်ငံတော်သမ္မတကြီး၏ ထိုခရီးစဉ်အတွင်း ဝိဇ္ဇာသိပ္ပံတက္ကသိုလ်(စစ်ကိုင်း) ဖွင့်လှစ်ပေးနိုင်ရန်အတွက်လည်းကောင်း၊ သမဝါယမကောလိပ်(စစ်ကိုင်း)နှင့် နည်းပညာကောလိပ်(စစ်ကိုင်း)တို့ကို တက္ကသိုလ်အဆင့် တိုးမြှင့်ပေးရန်အတွက်လည်းကောင်း ဖြည့်ဆည်းပေးနိုင်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။

ဤခရီးစဉ်အတွင်း ဒေသခံပြည်သူများက ''သမ္မတကြီး ကျန်းမာပါစေ''ဟူသော ကြွေးကြော်သံများဖြင့် ခရီးဦးကြိုနှုတ်ဆက်ခဲ့ကြသည့် မြင်ကွင်းသည်ကား အစိုးရနှင့်ပြည်သူအကြား ကြည်ဖြူစွာ လက်တွဲထားသောပုံရိပ်ကို ထင်ဟပ်ဖော်ပြနေသည်။ ရွှေဝတီတံတား(ရတနာပုံ)တံတားအဆင်းမှ စစ်ကိုင်းမြို့တွင်းအထိ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ဝမ်းပန်းတသာအားပါးတရ ခရီးဦးကြိုခဲ့ကြပေသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ လူငယ်လူရွယ်များသည် လာမည့်ပညာသင်နှစ်မှစပြီး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ပညာရပ်များကို ကိုယ့်မြို့ကိုယ့်ရွာ၊ ကိုယ့်ဒေသတွင် အိုးမကွာ၊ အိမ်မကွာလေ့လာဆည်းပူးနိုင်ကြတော့မည်ဖြစ်သည်။ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်(စစ်ကိုင်း)ကို အမြန်ဆုံးဆောက်လုပ်ပေးရန် စီစဉ်နေပြီဖြစ်သည်။

တစ်ဖန် သမဝါယမကောလိပ်(စစ်ကိုင်း)ကိုလည်း တက္ကသိုလ်အဆင့် တိုးမြှင့်ပေးသွားမည်ဖြစ်၍ လာမည့်ပညာသင်နှစ်မှစပြီး ကိုယ့်မြို့ကိုယ့်ရွာ၌ ပညာဆက်လက်သင်ကြားနိုင်တော့မည်ဖြစ်သည်။ ယခုအခါ သန်လျင်မြို့ရှိ သမဝါယမဒီဂရီကောလိပ်ကို သမဝါယမတက္ကသိုလ်အဖြစ် တိုးမြှင့်မည်ဖြစ်သကဲ့သို့ သမဝါယမကောလိပ်(စစ်ကိုင်း)ကိုလည်း တက္ကသိုလ်အဆင့်သို့ လာမည့်ပညာသင်နှစ်မှစပြီး တိုးမြှင့်ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးမှ သမဝါယမကောလိပ် နှစ်နှစ်တက်ရောက်ပြီးသူများ သမဝါယမတက္ကသိုလ်တွင် ဆက်လက်ပညာဆည်းပူးနိုင်တော့မည်ဖြစ်သည်။

အလားတူ နည်းပညာကောလိပ်(စစ်ကိုင်း)ကိုလည်း နည်းပညာတက္ကသိုလ်အဆင့် တိုးမြှင့်ပေးသွားမည်ဖြစ်သည်။ ယင်းနည်းပညာကောလိပ်၌ ဘွဲ့ဒီဂရီများချီးမြှင့်ပေးအပ်နေပြီဖြစ်၍ တက္ကသိုလ်အဆင့်သို့တိုးမြှင့်ပေးလိုက်ခြင်းပင်ဖြစ်၏။ ထို့ကြောင့် ဒေသနေပြည်သူများ၏ ဆန္ဒနှင့်အညီနိုင်ငံတော်အစိုးရက စစ်ကိုင်းတိုင်းဒေသကြီး၌ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ သမဝါယမတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့ကို ဖွင့်လှစ်ပေးမည်ဖြစ်ရာ ဒေသနေလူငယ်လူရွယ်များ ပညာရေးအခွင့်အလမ်းများ တိုးပွားလာခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ ဒေသနေလူငယ်လူရွယ်များအနေဖြင့် ထိုအခွင့်အလမ်းများကို အလေးထားရယူလျက် ဘွဲ့ရပညာတတ်များဖြစ်အောင်ကြိုးစားကြပြီး ဒေသအကျိုး၊ တိုင်းပြည်အကျိုးသယ်ပိုးရွက်ဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းနှင့် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် UMFCCI Office Tower ရှိ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့်အဖွဲ့အား စင်ကာပူနိုင်ငံအခြေစိုက် Caudex. Asia မှ Mr. Jeffrey Khoo (Director, Agribusiness)သည် ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၁ နာရီက လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းနှင့် Caudex.Asia အကြား ဆန်စပါးနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံရန်အတွက် ဆွေးနွေးကြသည်။ Caudex.Asia အနေဖြင့် မြန်မာနိုင်ငံတွင် ဆန်စပါးနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံရာတွင် ၃၅ ရာခိုင်နှုန်းနှင့်အထက် ရင်းနှီးမြှုပ်နှံလိုကြောင်းနှင့် အခြားစိတ်ဝင်စားသည့် ဓာတ်မြေဩဇာ၊ သဘာဝဓာတ်ငွေ့၊ ရော်ဘာစသော အကြောင်းအရာတို့ကိုလည်း ဆွေးနွေးကြသည်။

ဆက်လက်၍ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် Ameropa Asia Pte., Ltd. မှ Alexander Chumakov (Managing Director) ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့်အဖွဲ့အား မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဧည့်ခန်းမ၌လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ဓာတ်မြေဩဇာနှင့်ပတ်သက်၍ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် တောင်သူလယ်သမားများအနေဖြင့် ဓာတ်မြေဩဇာကို ဈေးနှုန်းသက်သာစွာအပြည့်အဝ သုံးစွဲနိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ ထိုသို့ဓာတ်မြေဩဇာသုံးစွဲခြင်းအားဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာနိုင်ကြောင်းနှင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်မည်ဆိုသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ဆန်စပါးလုပ်ငန်းအသင်း)

စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်း ဖျာပုံမြို့နယ်တွင် ဆွေးနွေးပို့ချ

ဖျာပုံ ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်းကျေးရွာ ဖျာပုံခရိုင်ကိုယ်စားပြု နွေစပါးတောင်သူပညာပေးစံပြစိုက်ခင်းအနီးရှိ စိုက်ပျိုးပညာပေးစခန်း၌ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်း(၂/၂၀၁၂)ကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက တာဝန်ရှိသူများက ဆွေးနွေးပို့ချခဲ့ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဖျာပုံခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး **(ယာပုံ)** မြို့နယ်မန်နေဂျာ ဦးမောင်မောင်သွင်က ဖျာပုံခရိုင်ကိုယ်စားပြု နွေစပါးတောင်သူပညာပေးစိုက်ခင်းဆောင်ရွက်ထားမှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးပို့ချ

ထို့နောက် ခရိုင်နှင့်မြို့နယ်တာဝန်ခံများက သိပ္ပံနည်းကျစိုက်ပျိုးစနစ်ဖြင့် စိုက်ပျိုးရေး၊ သီးနှံရောဂါပိုးကာကွယ်ရေး၊ သီးနှံအထွက်တိုးရေး နည်းပညာများကို ဆွေးနွေးပို့ချခဲ့ကြသည်။

ဆက်လက်၍ စံပြစိုက်ခင်း ၁၈ ဧကရှိ ပုလဲသွယ်စပ်မျိုးစပါးနှင့် သီးထပ်ရင် စိုက်ခင်းများကို တာဝန်ရှိသူများနှင့်သင်တန်းသားများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

ရန်ကုန် ဖေဖော်ဝါရီ ၁၂

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့်မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက်နှင့် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို မတ်လ ၁ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်များ ရွေးချယ်သွားမည်ဖြစ်သည်။

တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲကျင်းပမည်

ပါဝင်ယှဉ်ပြိုင်ခွင့်

(၃၈)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသူများသည် ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ပြိုင်ပွဲခန်းမ၌ကျင်းပမည့် အားကစားသမားများအစည်းအဝေးသို့မပျက်မကွက်တက်ရောက်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်းနှင့် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသူ၁၆ဦးမှာ ဇော်ဦး(ကာကွယ်ရေး)၊ ဝင်းဇော်ထွန်း (လယ်/ဆည်)၊ ကျော်လင်းနိုင်(သစ်တော)၊ ညီညီလွင်(လယ်/ဆည်)၊ ဇော်ဝင်း(လယ်/ဆည်)၊ ငွေမင်းလွင်(သစ်တော)၊ အောင်မျိုးလှိုင်(ပြည်ထဲရေး)၊ သန်းမင်းလှိုင်(လယ်/ဆည်)၊ ဝင်းထွန်း (ပြည်ထဲရေး)၊ နေဦးကျော်ထွန်း (ပြည်ထဲရေး)၊ ဝင့်သူ (သစ်တော)၊ ကျော်ကျော်စိုး(ပို့ဆောင်ရေး)၊ သူရိန်မောင် (မန္တလေး)၊ မျိုးနိုင် (ပို့ဆောင်ရေး)၊ ဟံမင်းစိုး(ကာကွယ်ရေး)၊ မင်းထူး(ပို့ဆောင်ရေး) တို့ဖြစ်ကြောင်း သိရှိရသည်။

စာရင်းပေးသွင်း

(၁၄)ကြိမ်မြောက်အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲသို့မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယှဉ်ပြိုင်လိုသည့်အားကစားသမားများသည် ဖေဖော်ဝါရီ၂၉ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်းတွင် စာရင်းပေးသွင်းရမည်ဖြစ်ကြောင်းသိရှိရသည်။**(စစ်တုရင်အဖွဲ့ချုပ်)**

ဝါးခယ်မမြို့နယ် ခနုံးချောင်းကျေးရွာ၌ အမကကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

ဝါးခယ်မ ဖေဖော်ဝါရီ ၁၂

ဝါးခယ်မမြို့နယ် ကဝဲကျွဲတလင်းကျေးရွာအုပ်စု ခနုံးချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဦးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကျောင်းဆောင်သစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ ကဝဲကျွဲတလင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဦး၊ ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**အဆိုပါ ကျောင်းဆောင်သစ်မှာ အုတ်ညှပ်တစ်ထပ် အလျားပေ ၆၀၊ အနံပေ ၃၀ရှိပြီး ငွေကျပ်သိန်း ၁၇၀ကျော်ကုန်ကျခံတည်ဆောက်ခဲ့ကြောင်း သိရှိရသည်။ **(၁၃၉)**

သတင်းအချက်အလက် နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

နိုင်ငံတကာတွင်တစ်နေ့တခြားရင်ဆိုင်ကြုံတွေ့လာရသော နည်းပညာရပ်ပိုင်းလုံခြုံရေးဆိုင်ရာ သိသင့်သိထိုက်သည်များ၊ အားနည်းချက်များ ကြုံတင်ပြင်ဆင်မှုများနှင့် မိမိတို့နိုင်ငံရှိ ICT နည်းပညာရပ်များ နိုင်ငံတကာနှင့်ရင်ပေါင်တန်းရပ်တည်ရာတွင် လိုအပ်သော Human Resource များ၏အခန်းကဏ္ဍအရေးပါပုံများနိုင်ငံတကာအသိအမှတ်ပြုအရည်အချင်းပြည့်ဝသော Security Admin များအဖြစ်တက်လှမ်းနိုင်မည့်အခွင့်အရေးများကိုမြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းအလုပ်အမှုဆောင် ဦးအောင်ဇော်မြင့်ကဦးဆောင်ပြီး ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် Conference Hallတွင် အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ တင်ပြဆွေးနွေးသွားမည်ဖြစ်သည်။ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဘဏ်များမှ IT Officerများ၊ ပညာရှင်များတက်ရောက်ရန်ဖိတ်ကြားထားပြီး စိတ်ပါဝင်စားသူများသည် ဖုန်း-၀၁-၃၉၂၁၆၅၊ ၃၉၂၉၈၃တို့သို့ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မီးဖိုမီး အခြားမီး သုံးပြီးသတိအမြဲရှိ

တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ရေး သာကေတမြို့နယ်၌ အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၆/အနောက်ရပ်ကွက် အမက(၃၆) ကျောင်းတွင် ပေ (၃၀ × ၈၅) ရှိ တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၉ လမ်း အမှတ်(၂၂/၂၄)နေ ဦးအောင်-ဒေါ်သောင်း သောင်းမိသားစုက အလှူငွေကျပ်သိန်း ၃၀ ကို ဇန်နဝါရီ ၁၀ ရက်က အဆိုပါကျောင်းသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးဒေါ်အေးနုနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းအမှုဆောင်များက လက်ခံယူကြသည်။ **(အပေါ်ပုံ)**

အဆိုပါတိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းနှင့် လိုအပ်လျက်ရှိသည့်စာသင်ခုံများ လှူဒါန်းလိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးနု ဖုန်း-၀၉-၇၃၀၁၅၄၂၈၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး(ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ) ဦးခင်လှိုင် ဖုန်း-၀၉-၇၃၀၁၅၄၂၀၊ အတွင်းရေးမှူး ဦးအောင်အောင် ဖုန်း-၀၉-၄၉၂၂၄၁၄၁နှင့် ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ယု ဖုန်း-၀၉-၇၃၁၅၀၉၇၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

◆ ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီ ဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့် ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ဧည့်သည်တော်များအား မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့က ပဏ္ဍာမဧည့်ခံတီးလုံးဖြင့် လည်းကောင်း၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်

ညစာစားပွဲအပြီးတွင် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် ယဉ်ကျေးမှုတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများက "ဝေဟင်ခရီးလေယာဉ်စီး"၊ "ပြည်ထောင်စုရထားခရီးသွား"၊ "ပန်းတိုင်ခရီး ရေယာဉ်စီး" စသည့် တိုင်းရင်းသား တေးသရုပ်ဖော်အကများဖြင့် လည်းကောင်း၊ "တို့ပြည်ထောင်စုသား တေးသီချင်း" စုပေါင်းအကတို့ဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကပြကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ညှော်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် နယ်စပ်ဒေသလူငယ်သင်တန်းကျောင်းနှင့် စစ်တွေမြို့မဈေးကြီး စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီတွင် စစ်တွေမြို့မဈေးကြီးသို့ ရောက်ရှိပြီး ရေတွင်းလမ်းနှင့် မြို့မဈေးကြီးရှေ့လမ်းများ စနစ်တကျရှိရေး၊ ယာဉ်ပိတ်ဆို့မှုကင်းရှင်းရေး၊ ဈေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်၍ အနုပညာခန်းမ၌ သင်တန်းသားများ၏ တီးခတ်သီဆိုမှုများကို ကြည့်ရှုအားပေးပြီး သင်တန်းကျောင်း ဘုရားခန်း၊ အိပ်ဆောင်နှင့် စားရိပ်သာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သင်တန်းကျောင်းခန်းမ၌ သင်တန်းကျောင်းအုပ်နှင့် နည်းပြများ၊ ဝန်ထမ်းများ၊ သင်တန်းသားများအား တွေ့ဆုံပြီး သင်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ရာနှုန်း မြင့်မားပြီး ထူးချွန်ကျောင်းသားများ တိုးတက်ပေါ်ထွန်းရေး၊ ကျောင်းသားများ ကျောင်းစည်းကမ်းလိုက်နာလျက် အချင်းချင်း စည်းလုံးချစ်ကြည်စွာဖြင့် ပညာရည်မြင့်မားရေးကို ကြိုးပမ်းအားထုတ်ပြီး အနာဂတ်နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာရေး မှာကြားကာ သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဖေဖော်ဝါရီ ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြေပုံ(နည်းပြ) သင်တန်းအမှတ်စဉ်(၁/၂၀၁၂)ဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(ယာပုံ)**

ကြာမြင့်မည်

အဆိုပါသင်တန်းသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ သင်တန်းသား ၅၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း မြေပုံ(နည်းပြ) သင်တန်းဖွင့်ပွဲ တက်ရောက်

အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ဂုဏ်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၁၂

အမှတ်(၃)အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၏ အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၉ ရက်တွင် အမှတ်(၃) အခြေခံပညာဦးစီးဌာန ဘတ်စကက်ဘောကွင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ချိန်နှင့် တာဝန်ရှိသူများ၊ မြို့နယ် ပညာရေးမှူးများ၊ အငြိမ်းစား ဆရာကြီး ဆရာမကြီးများ တက်ရောက်ကြပြီး ဒုတိယဝန်ကြီး ဦးအေးကြူက အမှာစကားပြောကြားကာ **(ဝဲပုံ)** ရန်ကုန်တိုင်းဒေသကြီး ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးထွက်ရှိရေး ဆန်းစစ်စာမေးပွဲတွင် အမှတ်အများဆုံး ရရှိသူ ၁၀ ဦးအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရေးကြီးယာဉ်၊ မီးသတ်ယာဉ်၊ သူနာပြုယာဉ်များ အချက်ပေးသံဖြင့် လာလျှင် ဦးစားပေးပါ။

ရှုမြင်ခံစားရုပ်မြင်သံကြား အစီအစဉ်များ

MRTV-4

၁၃-၂-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ **အရှုံးပေးမှ အနိုင်ရတယ်** တရားတော် (ဆရာတော် ဘဒ္ဒန္တပညာသာရ)
- ၆:၂၅ စွယ်တော်လေးဆု ဆုပန်ယူ
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၁၄)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှွန်ရာ** (အပိုင်း-၆၇)
- ၁၀:၁၀ Celebrity Choice (အေသင်ချိုဆွေ)
- ၁၀:၅၅ မြန်မာမှုနှင့်အတူ ဒေါင်းရွှေအလှူ
- ၁၁:၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **တေးသွားကေရီ** (အပိုင်း-၁၄)
- ၂:၀၀ MRTV-4 သတင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၁၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၁၅)
- ၈:၀၀ MRTV-4 သတင်း
- ၈:၅၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှွန်ရာ** (အပိုင်း- ၆၈)
- ၁၀:၄၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **တေးသွားကေရီ** (အပိုင်း -၁၅)
- ၁၁:၁၅ ဗီဒီယိုပြခန်း
- ၁၁:၃၀ **အမေကျေးနပ်မှာပါ** ဇင်ဘိုချမ်း၊ဝိုင်းစုခိုင်သိန်း ဒါရိုက်တာ-အဓိပတိမောင်မောင်ဦး
- ၁:၂၅ **အများမြင်စရာ နှစ်ပါးသဘင်မဟာ** ရွှေမန်းသဘင်အဖွဲ့ တင်မောင်ဆန်းမင်းဝင်း (အပိုင်း-၂)
- ၄:၁၀ သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ
- ၄:၃၅ ဆန္ဒပြည့်ဝ... ဖူးကြမသွေ နှစ်ဆန်းဗုဒ္ဓ

မြဝတီရုပ်မြင်သံကြား

၁၃-၂-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၅ ၁။ တရားတော်
- ၇:၂၅ ၂။ မျိုးချစ်တပ်မတော်
- ၈:၀၀ ၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၅ ၄။ မြန်မာစာ မြန်မာစကား(စ)

ညပိုင်း

- ၄:၁၅ ၁။ စိုက်ပျိုးသုတ
- ၄:၄၅ ၂။ မီးသတိပေးနှိုးဆော်ချက်
- ၅:၀၀ ၃။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ရူပဗေဒ)
- ၅:၃၀ ၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း-၇၉)
- ၆:၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၆။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာစေတမန်** (အပိုင်း-၁၆)
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၉။ နိုင်ငံတကာသတင်း
- ၁၀။ မိုးလေဝသသတင်း
- ၁၁။ မေးမြန်းစုံစမ်း
- ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တစ်နေ့သောအခါ** (အပိုင်း-၁၅)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ကြည့်မြင်တိုင်မြို့နယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး ဖတ်ကြားစဉ်။ (၀၄၂)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို လှည်းကူးမြို့ အထက စုဝေးကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကို ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

နောက်ဆုံးရ နိုင်ငံတကာသတင်း

★ ☆ မိုးမြင့်လင်းလက် – စုစည်းသည် ☆ ★

ငှက်များရန်ကာကွယ်မည့်စက်ရုပ်များ တောင်ကိုရီးယားလေဆိပ်၌ထားမည်

ဆိုးလ် ဖေဖော်ဝါရီ ၁၂

ငှက်များနှင့်လေယာဉ် ဝင်တိုက်မှုဖြစ်စဉ်များမှ အကာအကွယ်ပေးရန် လေဆိပ်များတွင် စက်ရုပ်များထားရှိရေး အစီအစဉ်တစ်ရပ်အနေဖြင့် တောင်ကိုရီးယားနိုင်ငံ စစ်ဘက်လေဆိပ်တစ်ခု၌ လာမည့်ဇွန်လမှစတင်ကာ စက်ရုပ်များထားရှိတော့မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၂ ရက်၌သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

၎င်းစက်ရုပ်ကို တောင်ကိုရီးယား အဏုမြူသုတေသနသိပ္ပံမှ သုတေသနပညာရှင်များက ထုတ်လုပ်ထားခြင်းဖြစ်သည်။ လေဆိပ်တစ်ခုတွင် စက်ရုပ်လေးရုပ်ထားရှိကာ လေဆိပ်အတွင်းရှိ ထိန်းချုပ်ရေးအခန်းမှနေ၍ အလိုအလျောက်စနစ်ဖြင့် ထိန်းချုပ်သွားမည်ဖြစ်သည်။

အဆိုပါစက်ရုပ်များသည် လေဆိပ်အနီးဝန်းကျင်နှင့်ဝေဟင်တို့တွင် ငှက်များ၏လှုပ်ရှားသွားလာမှုကို ရေဒါဖြင့်ဖမ်းယူရရှိသည်နှင့်စက်ရုပ်၌ရှိသောစကားပြောစက်မှတစ်ဆင့် ငှက်များအဝေးသို့ပျံသန်းသွားရန် တုံ့ပြန်အသံလွှင့်ထုတ်မှုကိုလေဆိပ်ဝန်းကျင် ကီလိုမီတာ ၃၀၀ အထိရောက်အောင် ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် ၂၀၀၃ ခုနှစ်ကတည်းက ငှက်များလေယာဉ်ဖြင့်တိုက်မိမှုကြောင့် လေယာဉ်မတော်တဆမှုများဖြစ်ပွားခဲ့ရာ လေယာဉ်အစင်း ၄၂၀ ပျက်စီးခဲ့ပြီး လူ ၄၀၀ ခန့်သေဆုံးခဲ့သည်။ ထိုသို့လေယာဉ်နှင့်ငှက် မတော်တဆတိုက်မှုများအနက် ၄၀ ရာခိုင်နှုန်းမှာ ညအချိန်၌ တိုက်မိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မလေးရှား ငါးဖမ်းသမားတစ်ဦး အလေးချိန် ၁၆၅ ကီလိုဂရမ်ရှိသည့် ငါးဖိန်းတစ်ကောင်ဖမ်းမိ

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၂

မလေးရှားနိုင်ငံမှ ငါးဖမ်းသမားတစ်ဦးက တီလပ်ခ်ဘာဟန်ကမ်းရိုးတန်းအနီး ရေပြင်မှ ဖေဖော်ဝါရီ ၁၁ ရက်က အလွန်ကြီးမားသော ငါးဖိန်းမျိုးစပ်ငါးတစ်ကောင်ကို ဖမ်းဆီးမိခဲ့ကြောင်း မလေးရှားမီဒီယာများက ဖေဖော်ဝါရီ ၁၂ ရက်တွင် ဖော်ပြသည်။

အသက် ၃၈ နှစ်အရွယ် တန်ခန်ဆန်အမည်ရှိ ငါးဖမ်းသမားသည် အဆိုပါရေပြင်၌ ငါးဖမ်းပိုက်ဖြင့် ငါးဖမ်းနေစဉ် အဆိုပါငါးကြီးကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ၎င်းငါးကြီးသည် အရှည်ခြောက်ပေခန့်ရှိပြီး အလေးချိန် ၁၆၅ ကီလိုဂရမ်ရှိသည်။ ငါးဖမ်းသမားတန်ခန်ဆန်သည် ပြီးခဲ့သည့် ခြောက်လကလည်း ကြီးမားသောငါးတစ်ကောင်ကို ဖမ်းမိခဲ့ဖူးသည်။ ယခုဖမ်းမိသောငါးကြီးမှာ မလေးရှားနိုင်ငံတွင် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း၌ ဖမ်းမိသော ငါးများအနက် အကြီးဆုံးဖြစ်သည်။ **(အင်တာနက်)**

၂၀၁၁ ခုနှစ် အကောင်းဆုံးသတင်းဓာတ်ပုံဆု စပိန်ဓာတ်ပုံဆရာဆွတ်ခူး

သည်ဟိတ် ဖေဖော်ဝါရီ ၁၂

၂၀၁၁ ခုနှစ်အတွက် တစ်နှစ်တာ အကောင်းဆုံး သတင်းဓာတ်ပုံဆုကို စပိန်ဓာတ်ပုံဆရာ ဆမ်မြူရယ်အာရန်ဒါက ရရှိခဲ့ပြီး ၎င်းရိုက်ကူးထားသော ယီမင်အမျိုးသမီးကြီးတစ်ဦးက ဒဏ်ရာရရှိနေသော အမျိုးသားတစ်ဦးအား ပွေ့ပိုက်ထားသည့် ဓာတ်ပုံက ဆွတ်ခူးရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ဓာတ်ပုံမှာ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၅ ရက်၌ ယီမင်နိုင်ငံ မြို့တော်ဆာနားတွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားစဉ် အရေးပေါ်ဆေးရုံတစ်ခုသဖွယ်အသုံးပြုခဲ့သော အဆောက်အအုံတစ်ခုအတွင်း၌ ဖြစ်ပျက်နေသော ပကတိပုံရိပ်တစ်ခုကို ဓာတ်ပုံရိုက်ယူထားခြင်းဖြစ်သည်။ **(အောက်ဝဲပုံ)**ယင်းဓာတ်ပုံသည် ဒေသအတွင်းဖြစ်ပေါ်နေသောအခြေအနေများကို ဖော်ပြရာတွင် စကားလုံးပေါင်းများစွာကို ဖော်ညွှန်းပြသနေသော အကောင်းဆုံး ပုံရိပ်တစ်ခုဖြစ်သည်ဟု ဆုရွေးချယ်ရေးအဖွဲ့၏သုံးသပ်ချက်တွင် ဖော်ပြထားသည်။ (၅၅) ကြိမ်မြောက် ကမ္ဘာ့သတင်းဓာတ်ပုံဆု ရွေးချယ်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၄ နိုင်ငံမှ ဓာတ်ပုံဆရာပေါင်း ၅၂၄၇ ဦးတို့က သတင်းဓာတ်ပုံပေါင်း ၁၀၁၂၅၄ ပုံကို ပေးပို့ကာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။ ၁၉၅၅ ခုနှစ်မှ စတင်ကာ ဒတ်ချ်နိုင်ငံတွင် နှစ်စဉ်ကျင်းပခဲ့သော ၎င်းဆုကို နိုင်ငံတကာမှ အကဲဖြတ်အဖွဲ့ဝင် ၁၃ ဦးတို့က ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။

ဆုရရှိသည့် စပိန်ဓာတ်ပုံဆရာ ဆမ်မြူရယ်အာရန်ဒါသည် ၎င်းဆုကို နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့၌ လာမည့် ဧပြီ ၂၁ ရက်၌ ကျင်းပမည့် အခမ်းအနားတွင် လက်ခံရယူမည်ဖြစ်သည်။ **(အင်တာနက်)**

တရုတ်နှစ်သစ်ကူးပွဲတော် ခရီးသွားပြည်သူ ၂ ဒသမ ၃၆ ဘီလီယံဖြင့် စံချိန်တင်ကျင်းပနိုင်ခဲ့

ပေကျင်း ဖေဖော်ဝါရီ ၁၂

ဇန်နဝါရီ ၈ ရက်က စတင်သည့် တရုတ်နှစ်သစ်ကူးပွဲတော်၏ ၃၃ ရက်ကာလအတွင်း နိုင်ငံတစ်ဝန်း ကုန်းလမ်းအသုံးပြု ပွဲတော်ခရီးသွားပြည်သူဦးရေသည် ၂ ဒသမ ၃၆ ဘီလီယံရှိခဲ့ကြောင်း သက်ဆိုင်ရာဌာန၏ အချက်အလက်များတွင် ဖော်ပြသည်။

ယမန်နှစ်ပွဲတော်ကာလ၏ ပထမ၃၃ ရက်ကာလကထက် ခရီးသွားပြည်သူဦးရေ ၉ ဒသမ ၈ ရာခိုင်နှုန်းတိုးမြင့်ခဲ့ခြင်းဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ စာရင်းတွင်ဖော်ပြထားသည်။ယခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်၏၃၃ရက်ကာလ အပိုင်းအခြားတွင် နိုင်ငံအနှံ့ကို ရေကြောင်းခရီးထွက်ခွာသည့် ပြည်သူဦးရေ ၃၅ ဒသမ ၈၉ သန်းရှိသည်။ နှစ်သစ်ကူးပွဲတော် ခရီးသွားရာသီကာလသည် ရက်ပေါင်း ၄၀ ကြာမြင့်ဦးမည်ဖြစ်ပြီး ယင်းတရုတ်နှစ်သစ်ကူးပွဲတော်သည် နိုင်ငံခြားသားအလုပ်သမားများနှင့် ကောလိပ်ကျောင်းသားများ၏ အိမ်ပြန်ရာသီတွင်ကျင်းပသော အဓိကအကျဆုံးပွဲတော်လည်းဖြစ်သည်။ **(အင်တာနက်)**

လက်ဘနွန်မြောက်ပိုင်း၌ လက်နက်တိုက်ပေါက်ကွဲမှုဖြစ်

ထရီပိုလီ ဖေဖော်ဝါရီ ၁၂

လက်ဘနွန်နိုင်ငံမြောက်ပိုင်း ထရီပိုလီမြို့ရှိ အယ်ဂျီဇုန်တက္ကသိုလ်အနီးမှ လက်နက်တိုက်တစ်ခုပေါက်ကွဲမီးလောင်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(အပေါ်ပုံ)**

လက်နက်တိုက်ရှိရာဒေသတွင် ဖေဖော်ဝါရီ ၁၀ ရက် ညနေက ပေါက်ကွဲသံများကြားရပြီး မီးအကြီးအကျယ် စတင်လောင်ကျွမ်းခဲ့ကြောင်း လက်ဘနွန်အစိုးရပိုင် အမျိုးသားသတင်းဌာနက ကြေညာသည်။

ဒဏ်ရာရရှိ

ဖေဖော်ဝါရီ ၁၀ ရက် အစောပိုင်းက ထိုဒေသတွင် ဆွန်နီပြိုင်ဘက်အုပ်စုချင်း ဒုံးပစ်လောင်ချာများဖြင့် အပြန်အလှန်ပစ်ခတ်ကြသဖြင့် အစိုးရတပ်ဖွဲ့ဝင် နှစ်ဦးနှင့် လမ်းသွားလမ်းလာတစ်ဦးတို့ ဒဏ်ရာရရှိသွားသည်။

ယင်းသို့ ဖြစ်ပွားပြီးနောက် ထပ်မံမဖြစ်ပွားရေးအတွက် လိုအပ်သလို အရေးယူဆောင်ရွက်ရန် တပ်မှူးအား လက်ဘနွန်ဝန်ကြီးချုပ်က မှာကြားလိုက်သည်ဟု သိရသည်။ **(အင်တာနက်)**

အစ္စရေးခေတ်မီဒုံးခွင်းဒုံးစနစ် အောင်မြင်စွာစမ်းသပ်ပစ်လွှတ်

တဲလ်အဗစ် ဖေဖော်ဝါရီ ၁၂

အစ္စရေးနိုင်ငံက အမေရိကန်နှင့်ပူးပေါင်းလျက် မြေထဲပင်လယ်တွင် ခေတ်မီဒုံးခွင်းဒုံးစနစ်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ကြောင်း ထုတ်ပြန်ကြေညာသည်။ **(အောက်ပုံ)**

အစ္စရေးက ၎င်း၏အဲရိုးလက်နက်စနစ်ကို ဖေဖော်ဝါရီ ၁၀ ရက်က အောင်မြင်စွာစမ်းသပ်နိုင်ခြင်းမှာ အီရန်ကဲ့သို့သော နိုင်ငံများက တာလတ်ပစ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်လာခဲ့လျှင် ကာကွယ်နိုင်ရေးအတွက် လက်နက်စနစ်တီထွင်မှုတွင် ကြီးမားသည့်သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း ကြေညာလိုက်သည်။

အစ္စရေး၏အဲရိုးလက်နက်စနစ်နှင့် အမေရိကန်တိုက်ချင်းပစ်ဒုံးပျံ ကာကွယ်ရေးစနစ်တို့ ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း ပြသလိုက်ခြင်းလည်း ဖြစ်သည်ဟုဆိုသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတို့အထွာ ၁၂-၂-၂၀၁၂

➤ တင်မောင်လွင် – စုစည်းသည် ➤

ရှေးဟောင်းအမွေအနှစ်ယှဉ်ကျေးမှုပြတိုက် တရုတ်တည်ဆောက်မည်

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်ဇီပြည်နယ် မြို့တော်ဇီအန်တွင် တရုတ်နိုင်ငံ၏ ပထမဆုံးရှေးဟောင်းယဉ်ကျေးမှုပြတိုက်တည်ဆောက်မည်ဖြစ်ကြောင်း ဒေသခံအာဏာပိုင်များက ဖေဖော်ဝါရီ ၁၀ရက်၌ပြောကြားသည်။ အဆိုပါ ရှေးဟောင်းယဉ်ကျေးမှုပြတိုက် တည်ဆောက်ရသည့်ရည်ရွယ်ချက်မှာ သာမန်ပြည်သူများအကြား ရှေးဟောင်းသုတေသနပညာပြန့်ပွားရေးအတွက်ဖြစ်ကြောင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ တာဝန်ရှိသူများတက်ရောက်သည့်အစည်းအဝေးတွင် ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့ ညွှန်ကြားရေးမှူး ကျောက်ရှန်က ပြောကြားလိုက်သည်။ ပြတိုက်တွင် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများတူးဖော်မှုနှင့် ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးနည်းပညာအစီအစဉ်များနှင့်တကွ ရှေးဟောင်းအမွေအနှစ်ပစ္စည်းဆိုင်ရာသဘောတားအယူအဆ စသည်တို့ကို ကဏ္ဍအလိုက်ခွဲခြား ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုမာလီ၌ ပြင်းထန်စွာတိုက်ပွဲဖြစ်ပွား၊ ၁၇ ဦးသေဆုံး

ဆိုမာလီနိုင်ငံမြောက်ပိုင်း ဘူဟူဒဲနယ်စပ်မြို့အနီးတွင် ဆိုမာလီတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ့စစ်များ တိုက်ပွဲဖြစ်ရာတွင် ၁၇ ဦး သေဆုံးပြီး လူ ၃၀ ဒဏ်ရာရရှိသွားကြောင်း ဖေဖော်ဝါရီ ၁၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ ဘူဟူဒဲမြို့ ဆင်ခြေဖုံးမှပြည်သူ့စစ်များ၏စခန်းများကို ဆိုမာလီတပ်ဖွဲ့များက ဖေဖော်ဝါရီ ၉ ရက်တွင် ဝင်ရောက်စီးနင်းရာမှ တိုက်ပွဲများဖြစ်ပွားလာခြင်းဖြစ်သည်။ တိုက်ပွဲများပြင်းထန်လာပြီး အမြောက်နှင့် စက်သေနတ်များအပါအဝင် လက်နက်ကြီးများအသုံးပြုတိုက်ခိုက်ကြောင်း သိရသည်။ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားသဖြင့် ဒေသခံပြည်သူများမှာလည်း ကြောက်ရွံ့ထိတ်လန့်ကာ အိုးအိမ်စွန့်ခွာ၍ ထွက်ပြေးကြရသည်ဟုဆိုသည်။

နီပေါ၌ မိန်းကလေးငယ်တစ်ဦး ကျားသစ်ကိုက်ခံရမှုကြောင့် သေဆုံး

နီပေါနိုင်ငံအနောက်ပိုင်း ဘာတာဒီခရိုင်တွင် ကျားသစ်တစ်ကောင်တိုက်ခိုက်ခံရမှုကြောင့် ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်တစ်ဦးသေဆုံးခဲ့ကြောင်း၊ အဆိုပါဖြစ်ပွားမှုသည် ယင်းဒေသတွင် နှစ်လအတွင်းပဉ္စမမြောက်ဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဖေဖော်ဝါရီ ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အသက် ၁၄ နှစ်အရွယ်ရှိ အဆိုပါမိန်းကလေးသည် ဘာတာဒီခရိုင် ပန်ချီရှာဝါကျေးရွာတွင်နေထိုင်ပြီး သူမသည် ထူထပ်သောတောအုပ်ကြီးတစ်ခုအတွင်း မြက်ရိတ်နေစဉ် ကျားသစ်တစ်ကောင်က ရုတ်တရက်ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် မိန်းကလေးငယ်မှာ ယင်းကုတ်ဖွဲ့ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း၊ သူမသည် အဆိုပါကျေးရွာတွင် ကျားသစ်ကိုက်ခံရမှုကြောင့် လေးဦးမြောက်သေဆုံးသူဖြစ်ကြောင်း နိုင်ငံပိုင် သတင်းစာတစ်စောင်က ဖော်ပြသည်။ ပြီးခဲ့သည့် နှစ်လအတွင်းက ယင်းဒေသတွင် ကျားသစ်ကိုက်ခံရမှုကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးနှင့် မိန်းကလေးသုံးဦးသေဆုံးခဲ့ကြောင်း၊ ၎င်းတို့သည် အိန္ဒိယနယ်စပ်အနီးရှိ ကျေးရွာများမှဖြစ်ကြောင်း၊ ကျားသစ်များကို ထိန်းချုပ်ရန်အတွက် လုပ်ဆောင်သွားသင့်ကြောင်း ဒေသအာဏာပိုင်များက သတိပေးပြောကြားခဲ့သည်။

အာဖဂန်နှင့်နေတိုးပူးတွဲစစ်ဆင်ရေး အကြမ်းဖက်သမားရှစ်ဦးသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ကက်ပီဆာနှင့် ခို့စ်ပြည်နယ်များအတွင်း အာဖဂန်တပ်များနှင့် နေတိုးအဖွဲ့ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၏ ပူးတွဲစစ်ဆင်ရေးတွင် အကြမ်းဖက်သမားရှစ်ဦးသေဆုံးကြောင်း ဖေဖော်ဝါရီ ၁၁ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းစစ်ဆင်ရေးတွင် မိမိတို့၏ပူးတွဲအင်အားဖြင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း အကြမ်းဖက်သမားရှစ်ဦးကို ချေမှုန်းနိုင်ခဲ့ပြီး မသင်္ကာဖွယ်နှစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း နေတိုးအဖွဲ့က ဖေဖော်ဝါရီ ၁၀ ရက်က ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။ အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်မြောက်ဘက် ၆၅ ကီလိုမီတာအကွာ ကက်ပီဆာပြည်နယ် နစ်ရက်ခရိုင်အတွင်း လက်နက်ကိုင်တို့က ဒုံးပစ်လောင်ချာနှင့် လက်နက်ငယ်များဖြင့်ပစ်သည်ကို လေကြောင်းမှ တုံ့ပြန်တိုက်ခိုက်သဖြင့် အကြမ်းဖက်သမား ခြောက်ဦးတို့သေဆုံးသည်။ ထို့အပြင် ခို့စ်ပြည်နယ် ခို့စ်ခရိုင်၌ အကြမ်းဖက်သမားများအား တုံ့ပြန်တိုက်ခိုက်စဉ် အကြမ်းဖက်သမား နောက်ထပ်နှစ်ဦးသေဆုံးသည် ဆိုသည်။ **(အင်တာနက်)**

(၆၄)ကြိမ်မြောက် တိပိဋကစရေ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

ယမန်နေ့မှအဆက်

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်း အာဂုံအောင် ဥဘတောဝိဘင်္ဂရေ (၄၄)ပါးအဆက်

၁၉။ ပလ္လင်အမှတ်(၁၂၀)အရှင်ခေမိဿရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၃)ဝါ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၂၀။ ပလ္လင်အမှတ်(၁၂၂)အရှင်အင်္ဂီရ၊ အသက် (၂၁)နှစ်၊ သိက္ခာ(၁)ဝါ နဘူးကျင်းရွာဦးကျောင်းတိုက်၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊၂၁။ ပလ္လင်အမှတ် (၁၂၆) အရှင်ကောသလ္လ၊ အသက် (၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၊ ပျဉ်းမနားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ၂၂။ ပလ္လင်အမှတ် (၁၃၆)အရှင်အဂ္ဂစာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၂၃။ ပလ္လင်အမှတ် (၁၃၉)အရှင်နန္ဒိမာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ (၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၂၄။ ပလ္လင်အမှတ် (၁၄၅)အရှင်သောဘဏ၊ အသက် (၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၂၅။ ပလ္လင်အမှတ်(၁၄၈)အရှင်စန္ဒသာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၂၆။ ပလ္လင်အမှတ်(၁၄၉)အရှင်အာလောက၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၂၇။ ပလ္လင်အမှတ် (၁၅၀) အရှင်နေမိန္ဒာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၂၈။ ပလ္လင်အမှတ် (၁၅၂) အရှင်စန္ဒိမာလင်္ကာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ(၄)ဝါ သာသနာ့အလင်းရောင်ကျောင်းတိုက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၂၉။ပလ္လင်အမှတ် (၁၅၃)အရှင်ပညာသာမီလင်္ကာရ၊ အသက် (၂၃)နှစ်၊ သိက္ခာ (၄)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (အထူးအောင်)၊ ၃၀။ ပလ္လင်အမှတ်(၁၅၅) အရှင်ပညိန္ဒြိယ၊ အသက်(၂၄) နှစ်၊ သိက္ခာ(၄)ဝါ နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၃၁။ ပလ္လင်အမှတ်(၁၅၉) အရှင်ဇနိတာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၃၂။ ပလ္လင်အမှတ် (၁၆၀)အရှင်ဥဇ္ဇောတာလင်္ကာရ၊ အသက် (၂၄)နှစ်၊သိက္ခာ (၃)ဝါ မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်၊ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊၃၃။ပလ္လင်အမှတ် (၁၆၂) အရှင်အနုတ္တရ၊ အသက် (၂၁) နှစ်၊ သိက္ခာ (၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၃၄။ပလ္လင်အမှတ် (၁၆၄) အရှင်တေဇနိယ၊ အသက်(၂၁)နှစ်၊ သိက္ခာ(၂)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊မှော်ဘီမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ ၃၅။ ပလ္လင်အမှတ် (၁၈၁) အရှင်ဇနပိယာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ (၇)ဝါ စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ၃၆။ပလ္လင်အမှတ် (၁၈၃) အရှင်ပညာသိရီလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၃၇။ပလ္လင်အမှတ် (၁၈၈) အရှင်သိရိန္ဒ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၃၈။ ပလ္လင်အမှတ် (၁၉၀) အရှင်ဓမ္မာနန္ဒာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋက ဓမ္မပါလ ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၃၉။ပလ္လင်အမှတ် (၁၉၂)အရှင်စန္ဒာဝရ၊ အသက် (၂၄)နှစ်၊ သိက္ခာ (၅)ဝါ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၄၀။ပလ္လင်အမှတ် (၁၉၄)အရှင်ပဝရ၊ အသက် (၂၄)နှစ်၊ သိက္ခာ(၅)ဝါ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၄၁။ ပလ္လင်အမှတ် (၂၀၅)အရှင်အာဒိစ္စဇောတိ၊ အသက် (၂၃)နှစ်၊ သိက္ခာ (၄)ဝါ တိပိဋက ဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ၄၂။ ပလ္လင်အမှတ် (၂၀၈) အရှင်ပဏ္ဍိတ၊ အသက် (၂၃)နှစ်၊ သိက္ခာ (၃)ဝါ အရှေ့ကျောင်း ပရိယတ္တိစာသင်တိုက်၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်၊ ၄၃။ ပလ္လင်အမှတ် (၂၁၁)အရှင်ဥတ္တမသာရာလင်္ကာရ၊ အသက် (၂၃)နှစ်၊ သိက္ခာ (၂)ဝါ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၄၄။ ပလ္လင်အမှတ် (၂၁၃) အရှင်သဒ္ဓမ္မသိရီ၊ အသက် (၂၂)နှစ်၊ သိက္ခာ (၂)ဝါ ပြည်လုံးချမ်းသာ ဘုရားကြီးကျောင်း၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့ ဧရာဝတီတံတား (မလွန်) သံပေါင်တင်မင်္ဂလာအခမ်းအနားတွင် သံပေါင်ကို စက်ခလုတ်နှိပ်၍ မတင်ပေးကြစဉ်။ (သတင်းစဉ်)

ကားလမ်းနှစ်လမ်းမောင်းနှင့် ရထားလမ်းယှဉ်တွဲပါရှိသည့် ဧရာဝတီတံတား(မလွန်) သံပေါင်တင်မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး အဖွဲ့(၄)က တာဝန်ယူတည်ဆောက်နေသော မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ရွာသစ်ကျေးရွာနှင့် စစ်ကိုးပင်(စစ်ခိုပင်) ကျေးရွာအနီး မိကျောင်းရဲ-ပဌနဂိုရ်ကားလမ်း မိုင်တိုင်အမှတ် (၁၁/၄)နှင့် (၁၁/၅)အကြား ဧရာဝတီမြစ် စတုတ္ထမြစ်ကျဉ်းနေရာ၌ ဖြတ်ကျော်တည်ဆောက်နေသည့် ကားလမ်းနှစ်လမ်းမောင်းနှင့် ရထားလမ်းယှဉ်တွဲပါရှိသော ဧရာဝတီတံတား (မလွန်) သံပေါင်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် မိကျောင်းရဲဘက်ကမ်း မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ မင်္ဂလာစည်တော်အကအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူအင်အား ၃၀၀၀ ခန့် တက်ရောက်ကြသည်။

ရွှေမူလီတပ်ဆင်

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သံပေါင်တင် ရွှေမူလီ တပ်ဆင်မည့်နေရာ၌ နေရာယူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့က မင်္ဂလာသံပေါင်ကို ရွှေမူလီ တပ်ဆင်၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးကာ သံပေါင်ကို စက်ခလုတ်နှိပ်၍ မတင်ပေးကြပြီး ဆရာတော် သံဃာတော်များက ဇယန္တော ဗောဓိယာမူလေ အစရှိသော အောင်ဂါထာများကို ရွတ်ဆိုတော်မူကြ၍ မင်္ဂလာရွှေမိုးငွေမိုးရွာသွန်းဖြိုးကာ အခမ်းအနား အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

ဧရာဝတီတံတား (မလွန်)သည် မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ရွာသစ်ကျေးရွာနှင့် စစ်ကိုးပင် (စစ်ခိုပင်)ကျေးရွာ မိကျောင်းရဲ-ပဌနဂိုရ်ကားလမ်း မိုင်တိုင်အမှတ် (၁၁/၄)နှင့် (၁၁/၅)အကြား စတုတ္ထမြစ်ကျဉ်းအနီး၌ ဧရာဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်နေသည့် ကားလမ်းနှစ်လမ်းမောင်းနှင့် ရထားလမ်း ယှဉ်တွဲပါရှိသည့် သံမဏိ သံပေါင်တံတားအမျိုးအစားဖြစ်ကာ ပင်မတံတားအရှည် ၃၂၁၅ ပေ၊ ချဉ်းကပ်ကားလမ်းနှစ်ဖက်အရှည် ၂၆၂၄ ပေ၊ မီးရထား လမ်းတံတားအရှည် ၃၉၃၉ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့်ရထားလမ်းအကျယ် ၃၈ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၃ပေစီပါရှိကာ ရေလမ်းကင်းလွတ် အကျယ် ပေ ၃၂၀ နှင့် အမြင့် ၅၇ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ရှိသည်။

၎င်းတံတားကြီး ပြီးစီးသွားပါက ဧရာဝတီမြစ်အနောက်ဘက်ကမ်း ပုသိမ်-မုံရွာလမ်းနှင့် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ ရန်ကုန်-ပြည်-မကွေး-မန္တလေး လမ်းတို့ကို အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ၎င်းဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံရှိ အအေးခန်းစက်ရုံတစ်ရုံ၌ မီးလောင်မှုဖြစ်ပွား၊ မြန်မာအလုပ်သမားအချို့ ထိခိုက်မှုရှိခဲ့သော်လည်း ပြင်းထန်မှုမရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ထိုင်းနိုင်ငံ မဟာချိုင်ဒေသ Samut Sakhon ခရိုင်၊ Samut Sakhon မြို့၊ Thasai နယ်မြေ(၇)ရပ်ကွက် Big C ကုန်တိုက်အနီးရှိ Thai Union Frozen Products စက်ရုံ ပုစွန်အအေးခန်း၌ ဂက်(စ်)အိုး ပေါက်ရာမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားသော စက်ရုံသည် ဝင်လမ်းကျဉ်းသဖြင့် မီးသတ်ယာဉ် ဝင်/ထွက်ရန် အခက်အခဲရှိ၍ ရဟတ်ယာဉ်နှစ်စီးဖြင့် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်မှစ၍ မီးငြိမ်းသတ်ခဲ့ရာ ည ၇နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ စက်ရုံတွင် မြန်မာအလုပ်သမား ၈၀၀၀ ကျော်နှင့် ထိုင်းအလုပ်သမား ၂၀၀၀ ကျော် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိပြီး မီးလောင်မှုကြောင့် မြန်မာအလုပ်သမားအမျိုးသမီး ၃၁ ဦးနှင့် ထိုင်းအလုပ်သမား ခြောက်ဦး စုစုပေါင်း ၃၇ ဦးတို့ မီးခိုးငွေ့ရှူရှိုက်မိပြီး မူးမေ့သဖြင့် ဝီချိုင်ဝေ့(ဒ်)ဆေးရုံသို့ တင်ပို့ကုသခဲ့ရကြောင်း၊ ထိုနေ့မှာပင် တစ်ဝက်ခန့် ဆေးရုံမှဆင်းနိုင်ခဲ့ပြီး ကျန်လူများအနေဖြင့် သုံးရက်အတွင်း ဆေးရုံမှ ဆင်းခွင့်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ အခမ်းအနား အမြို့မြို့အနယ်နယ်၌ ကျင်းပ

ဖေဖော်ဝါရီ ၁၂ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ အထက(၁)ကျောင်းအားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး ဖတ်ကြားစဉ်။ (၁၆၆)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အင်းစိန်မြို့နယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး ဖတ်ကြားစဉ်။ (၀၄၈)



ဖေဖော်ဝါရီ ၁၂ ရက်က (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဗဟန်းမြို့နယ် အလက (၂) ကျောင်းဝင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေး ဖတ်ကြားစဉ်။ (၁၅၀)

ဖေဖော်ဝါရီ ၁၂ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ကန်ကြီးထောင့်မြို့နယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

13-2 (05).pmd 1 2/13/2012, 2:19 AM

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကရင်ပြည်နယ် ဘားအံမြို့၌ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ပြည်ထောင်စုသီရိကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသားပြည်သူများ ၁၅၀၀ ကျော် တက်ရောက်ကြသည်။

အလေးပြု

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အခြေခံပညာကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

အိမ်ရှင် ဗီလာတို့က မန်စီးတီးအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို အများအယွင်းနည်းစွာဖြင့် ဟန့်တားရင်း ပထမပိုင်းပွဲချိန်အတွင်း ခြေရည်တူကစားကာ ဂိုးမပေးရရေး ကြိုးစားခဲ့သည်။ မန်စီးတီးတိုက်စစ်မှူးများက ပထမပိုင်းပွဲချိန်အတွင်း (၁၂)ကြိမ်ခန့် ဂိုးသွင်းခွင့်ကြုံခဲ့သော်လည်း တိုက်စစ်မှူးများ ဆန္ဒစောနေမှု၊ ဗီလာနောက်ခံလူများနှင့် ဂိုးသမားတို့ ဟန့်တားနိုင်မှုကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

ဦးဆောင်နိုင်

ဒုတိယပိုင်းပွဲချိန်အတွင်း မန်စီးတီးတို့ ဂိုးရရှိရေး ဖိကစားခဲ့ရာ ပွဲချိန် ၆၂ မိနစ်၌ ထောင့်ကန်ဘောမှတစ်ဆင့် လျှံထွက်လာသောဘောလုံးကို ဗီလာဂိုးဧရိယာအတွင်းမှ လက်စ်ကော့က အနီးကပ်ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုး စတင်ရရှိခဲ့သည်။ ထို့နောက် မန်စီးတီးတို့ နောက်ထပ် ဂိုးများသွင်းယူနိုင်ရေး ကြိုးစားသော်လည်း ဗီလာတို့ ဟန့်တားရင်း ချေပဂိုးရရှိရေးကြိုးစားခဲ့ရာ မန်စီးတီးဂိုးသမား ကာကွယ်နိုင်၍သာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး တန်းစီဇယားကို ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

နိုင်ပွဲရရှိ

ထို့အတူ ဝုဖ်နှင့် ဝက်စ်ဘရွန်းတို့ပွဲတွင် ဝက်စ်ဘရွန်းက ငါးဂိုး- တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

(အင်တာနက်)

* *ကျောဖုံးမှ*

ဂြိုဟ်တုများမှာ ၁၀ ကီလိုဂရမ်မှ အများဆုံး ၂၅၀၀ ကီလိုဂရမ်အထိ ရှိကြသည်။

အဆိုပါ ဒုံးပျံလွှတ်တင်ခြင်းသည် ဥရောပ၏ အဆင့်မြင့်နည်းပညာလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာပြီး ဥရောပစီးပွားရေးကို ပြန်လည်နာလန်ထူလာနိုင်လိမ့်မည်ဟု ပညာရှင်များက သုံးသပ်ထားသည်။ ဗီဂါက ဥရောပအာကာသလုပ်ငန်းအစီအစဉ်များအပေါ် ပိုမိုထိန်းချုပ်လာနိုင်ဖွယ်ရှိသည်။

ဗီဂါဒုံးပျံကို တီထွင်လာခြင်းကြောင့် ဥရောပနိုင်ငံများမှ ဂြိုဟ်တုငယ်များကို ကမ္ဘာ့အာကာသဟင်းလင်းပြင်သို့ ပိုမိုလွှတ်တင်ပေးနိုင်တော့မည်ဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ(အီဆာ) ညွှန်ကြားရေးမှူးချုပ် ဂျင်းစ်-ဂျက်ကွတ်စ်ဒေါ်ဒိန်းက ပြောကြားသည်။

ယခုတီထွင်ထုတ်လုပ်လိုက်သော ဗီဂါဒုံးပျံဖြင့် ကမ္ဘာမြေစူးစမ်းလေ့လာရေးဂြိုဟ်တုများ လွှတ်တင်ပေးနိုင်တော့မည်ဖြစ်၍ သိပ္ပံနည်းပညာရပ် ပိုမိုထွန်းကားရေးအတွက် အထောက်အကူပြုလာတော့မှာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဗီဂါဒုံးပျံသည် အဆင့်လေးဆင့်ပါသည့် အာကာသယာဉ်ဖြစ်သည်။ ပထမအဆင့်သုံးဆင့်သည် အခဲလောင်စာကို လောင်ကျွမ်းစေပြီး အာကာသထဲသို့ လွှတ်တင်မည်ဖြစ်သည်။ စတုတ္ထအဆင့်သည် အရည်လောင်စာကို လောင်ကျွမ်းစေပြီး ကမ္ဘာပတ်လမ်းကြောင်းအတွင်း တွန်းတင်သွားမည်ဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီက ပြောကြားသည်။

(အင်တာနက်)

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ပုလဲရပ်ကွက်နေ ကွယ်လွန်သူဖခင်ကြီး ဦးပန်းစိန်၊ မိခင်ကြီး ဒေါ်အေးတင်တို့အားရည်စူး၍ သမီးဖြစ်သူ တွံတေးမြို့ စကြံ့နံလမ်းနေ ဒေါ်သန်းရီမိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းကို ရိပ်သာ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်လှိုင်ထံ လှူဒါန်းစဉ်။ (၀၀၉)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

မြင်နေတော့လည်း ပြောရပြန်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

လူတို့၏ စားသောက်နေထိုင်မှုပုံစံများသည် ခေတ်ရေစီးကြောင်းနှင့်အတူ မျောပါပြောင်းလဲနေရာ နိုင်ငံအတွင်းသို့ အနောက်တိုင်း၊ အရှေ့တိုင်း ယဉ်ကျေးမှုအစားအစာများ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။

အစားအသောက်များကို ဟိုတယ်များ၊ စားသောက်ဆိုင်ကြီးများနှင့် လမ်းဘေးပလက်ဖောင်းများ၌ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တည်ခင်းရောင်းချနေကြပြီး ရောင်းအားကောင်းလျက်ရှိကြောင်းသိရသည်။ ခေတ်စနစ်အရပြောင်းလဲလာသော အစားအသောက်များသည် အမျိုးအမည်အသစ်များဖြစ်

ပလက်ဖောင်းပေါ်၌ အဖုံးအအုပ်မဲ့စွာ ရောင်းချနေသော ကိုရီးယားအကင်နှင့် အကြော်ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

ကိုရွှေမောင်း

သလို အစားအသောက်အချို့သည် ရေရှည်စားသုံးပါက ကျန်းမာရေးကို ထိခိုက်မှုများရှိတတ်ကြောင်း ကျန်းမာရေးစစ်တမ်းများအရ လေ့လာသိရှိနေရပြန်သည်။ ပြည်သူလူထုအကြားရေပန်းစား စားသုံးမှုများလာသည့် အကင်များ၊ အပြုတ်များ၊ အကြော်အလှော်များ၊ အစိမ်းစား အစားအစာများနှင့် အသင့်စား အစားအစာများသည် နည်းစနစ်မှန်စွာ၊ သန့်ရှင်းစွာ စနစ်တကျကိုင်တွယ်ချက်ပြုတ် ရောင်းချရန် လိုအပ်ပေသည်။

ရန်ကုန်မြို့အပါအဝင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာပေါင်းစုံ၌ တစ်ပိုင်တစ်နိုင်ရောင်းချ၍ ဝမ်းစာရှာဖွေနေသော ဈေးသည်များသည် မိမိ၏အကျိုးစီးပွားတစ်ခုတည်းကိုသာ မကြည့်ဘဲ စားသုံးသူပြည်သူများ၏ ကျန်းမာရေးကိုလည်း ကြည့်ရှုသင့်ပေသည်။ စားသောက်ဆိုင်ကြီးအချို့နှင့် လမ်းဘေး၌ရောင်းချနေသော တစ်ပိုင်တစ်နိုင်ဈေးသည်အချို့သည် အစားအသောက်များကို ရောင်းချရာတွင် အဖုံးအအုပ်မရှိဘဲ ရောင်းချခြင်း၊ ရက်ကြာပစ္စည်းများ ပြန်လည်သုံးစွဲခြင်း၊ သန့်ရှင်းစင်ကြယ်မှုအားနည်းခြင်းများရှိသည်ကို တွေ့နေရပါသည်။

လမ်းဘေးဈေးသည်များ အနေဖြင့် မိမိရောင်းကုန်များကို ဖုန်၊ သဲ မဝင်အောင်နှင့် ယင်အန္တရာယ်မှ ကင်းဝေးအောင် နည်းအမျိုးမျိုးကြံဆ၍ ရောင်းချသင့်ပေသည်။ ထို့အပြင်စားသောက်ဆိုင်ကြီး အချို့သည်လည်း ချက်ပြုတ်သည့် မီးဖိုခန်းအတွင်း၌ ကုန်ကြမ်းပစ္စည်းများကို လုံခြုံသန့်ရှင်းစွာမထားခြင်း၊ ပစ္စည်းများသုံးစွဲရာတွင် ရက်ကြာပစ္စည်းများပြန်လည်အသုံးပြုခြင်း၊ ပြန်ကြော်ဆီများအထပ်ထပ်သုံးခြင်း၊ ပစ္စည်းများ ကိုင်တွယ်ဆေးကြောရာတွင် သန့်ရှင်းမှုမရှိခြင်း၊ ကြွက်၊ ခြင်၊ ယင်နှင့် အင်းဆက် ပိုးမွှားများခိုအောင်းနိုင်အောင် မီးဖိုချောင်အတွင်း ရှုပ်ပွညစ်ပတ်နေခြင်းများကြောင့် စားသုံးသူပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေသည်မှာ အမှန်ပင်ဖြစ်သည်။

ရန်ကုန်မြို့ရှိ နာမည်ကြီး စားသောက်ဆိုင်ကြီး တစ်ဆိုင်၏ မီးဖိုခန်းအတွင်းသို့ ရောက်ရှိခဲ့ဖူးသူတစ်ဦးက ယင်းစားသောက်ဆိုင် မီးဖိုခန်းနှင့် နောက်ဘက်ပြင်ပပတ်ဝန်းကျင်၏ ရွံရှာမသတီစရာ မြင်ကွင်းကို ပြောပြခဲ့သည်။ "သန့်ရှင်းစင်ကြယ်မှုမရှိဘဲ ညစ်ပတ်နေတဲ့ ဆိုင်တွေအများကြီးရှိတယ်။ အဲဒီဆိုင်တွေကို ကျန်းမာရေးဌာနတွေနဲ့ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းတွေက ပုံမှန်စစ်ဆေးအရေးယူကြပ်မတ်မှုတွေ၊ ပညာပေးမှုတွေ လုပ်သင့်တယ်၊ လမ်းဘေးဈေးသည်တွေကလည်း အောက်ခြေလူထုနဲ့ တိုက်ရိုက်ထိတွေ့ ဆက်ဆံနေရတာဆိုတော့ ဈေးရောင်းချတဲ့နေရာမှာ သန့်ရှင်းစင်ကြယ်ဖို့ အရေးကြီးတယ်" ဟု သူ့အမြင်ကို ပြောပြသည်။

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟုဆိုသောမြန်မာစကားပုံကဲ့သို့ လူသားတို့တွင် အစားအသောက်သည် ကျန်းမာခြင်းအတွက် အခြေခံအကြောင်းအရင်းဖြစ်သည်။ ထို့အတွက် လူသားအားလုံး ကျန်းမာကြံ့ခိုင်ပြီးသာယာလှပသောဘဝများ ပိုင်ဆိုင်စေရန်အတွက် စားသောက်ဆိုင်ကြီးများမှအစ လမ်းဘေးစားသောက်ဆိုင်များအထိ စားသုံးသူ ပြည်သူများ၏ အကျိုးကို ရှေးရှု၍မေတ္တာစေတနာကို ရှေ့တန်းတင်ကာ မလျှုတတ်လျှင် ဈေးရောင်းဆိုသော စကားပုံကဲ့သို့ ဈေးရောင်းရင်းကုသိုလ်ရကြပါစေလို့ ဆန္ဒပြုလိုက်ပါသည်။ ။

ပြည်ထောင်စုနေ့အခမ်းအနား အမြို့မြို့အနယ်နယ်၌ ကျင်းပ

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း ဖတ်ကြားစဉ်။ (၀၅၇)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကမာရွတ်မြို့နယ် အထက(၃) မြက်ခင်းပြင်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်လင်းနိုင် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က လှိုင်သာယာမြို့နယ် မြက်ခင်းပြင်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်စိုး ဖတ်ကြားစဉ်။ (၀၀၁)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က စမ်းချောင်းမြို့နယ် အထက(၂)အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင် ဖတ်ကြားစဉ်။ (၀၀၇)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က လှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုး ဖတ်ကြားစဉ်။ (၁၂၂)

(၆၅) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ကျင်းပရာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့် ဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ခိုင်မြဲစေဖို့ သာသနာရေးသက်သက်ကိုသာ ဆောင်ရွက်ကြပါစို့

ကပ္ပိယဒါယကာကြီး (သာသနာတော်ကို ကြည်ညိုသူ)

ထေရဝါဒဗုဒ္ဓဘာသာသည် အစွန်းနှစ်ဖက်လွတ်သော မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ဖြစ်ပြီး ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူသော သစ္စာလေးပါးကို ဦးထိပ်ထား၍ မေတ္တာတရားကို အခြေခံကာ သတ္တဝါအပေါင်းတို့အား ဒုက္ခမှ လွတ်မြောက်ကြောင်း ညွှန်ပြပေးသော၊ အမွန်မြတ်ဆုံးသော ဗုဒ္ဓတရားတော်များဖြင့် ထုံမွမ်းထားသော ဘာသာဖြစ်ပါသည်။

ဘုရားအလောင်း သုမေဓာရှင်ရသေ့သည် သတ္တဝါတို့အား မဟာကရုဏာတော်ရှေ့ထား၍ ကယ်တင်လိုသောကြောင့် တစ်ဘဝတည်းဖြင့် လေးမဂ်လေးဖိုလ်ရနိုင်သည့် ပါရမီအရည်အသွေးများရှိသော်လည်း မိမိဘဝတစ်ခုတည်းအတွက် မငဲ့ကွက်ဘဲ ဒီပင်္ကရာမြတ်စွာဘုရားထံတွင် ဘုရားဖြစ်ရန် အဓိဋ္ဌာန်ပြုသည်။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ဒုက္ခများစွာ ခံစားကျင့်ကြံအားထုတ်ပြီးသည့်အခါမှ သစ္စာလေးပါးတရားကို သိမြင်တော်မူခဲ့ပြီး သတ္တဝါများအား ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကလည်း ၄၅ ဝါလုံးလုံး မနေမနား နေ့ရောညပါ တရားတော်များဟောကြားရင်း လူနတ်ဗြဟ္မာ သတ္တဝါအများအပြားကို ဆင်းရဲဒုက္ခတွင်းမှ ကယ်တင်ခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံပြီးသည့်နောက်မှပင် သတ္တဝါများ ဒုက္ခမှ လွတ်မြောက်စေရန် သာသနာနှစ် ၅၀၀၀ ထားရစ်ခဲ့ပြီး တရားတော်များကို ဓမ္မစေတီအဖြစ် ကိုးကွယ်ခွင့်ပြုခဲ့ပါသည်။

မြတ်စွာဘုရားသခင်သည် ဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်းတည်တံ့ ခိုင်မြဲစေရန်အတွက် ရဟန်းသံဃာတော်များကို အဓိကအားကိုးအားထားပြုခဲ့ပါသည်။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် သာသနာတော် အဓွန့်ရှည်ရန်အတွက် သံဃာ့အဖွဲ့အစည်းကြီးကို အလေးထားပြုစုပျိုးထောင်ခဲ့ကြောင်း ထင်ရှားသည့်သာဓကတစ်ခုမှာ မိထွေးတော်ဂေါတမီသည် မြတ်စွာဘုရားအား လှူဒါန်းရန် ရည်စူး၍ ရွှေကြာသင်္ကန်းကို ကိုယ်တိုင်ရက်လုပ်ပြီး မြတ်စွာဘုရားအား ဆက်ကပ်ရန် လျှောက်ထားသည့်အခါ ဘုရားရှင်က မိန့်ကြားသည်မှာ **" မိထွေးတော်ဂေါတမီ ငါဘုရားအား လှူဒါန်းခြင်းထက် သံဃိက (သံဃာတော်များအား)လှူဒါန်းခြင်းက ပိုမိုအကျိုးစီးပွား ပွားများအပ်ပေသည် "** ဟု မိန့်ကြားတော်မူခဲ့ပါသည်။

သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် သံဃာတော်များသည် အဓိကကျကြောင်း သိမြင်တော်မူသည်နှင့်အညီ သာသနာတော် တည်တံ့ရေးတွင် သံဃာတော်များ စောင့်ထိန်းရမည့် မြတ်စွာဘုရားရှင်ကိုယ်တိုင် ချမှတ်ပြဋ္ဌာန်းပေးခဲ့သည့် သံဃာ့ဥပဒေတော်ဟုဆိုရမည့် (၂၂၇) သွယ်သော သီလသိက္ခာတော်ကြီးကို ထိန်းသိမ်းနိုင်သလောက် သံဃာတော်များ၏ ဂုဏ်မှာလည်း ထွန်းလင်းတောက်ပြောင်နေမည်ဖြစ်ပြီး သာသနာတော်အဓွန့်ရှည်စေရန်အတွက် အားဆေးတစ်ခွက်ပင် ဖြစ်ပါသည်။ ယခုလက်ရှိ သာသနာတော် ၂၆၀၀ အထိ ထေရဝါဒဗုဒ္ဓဘာသာ မညှိုးမမှိန်ဘဲ ခိုင်မြဲတည်ရှိနေသည်မှာလည်း သိက္ခာပုဒ်တော်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး တရားဓမ္မကို မပြတ်ဖြန့်ဝေပေးနေသည့် သံဃာတော်များ၏ ကျေးဇူးကြောင့်ပင်ဖြစ်ပါသည်။

သံဃာတော်များ၏ ဂုဏ်သိက္ခာ မည်မျှကြီးမားသည်ကို ဥပမာပြရသော် ယနေ့ဝတ်သည့် သာမဏေငယ်အား သက်တော်၊ ဝါတော်ကြီးမားသည့် ဘိက္ခုနီမများက ရှိခိုးဦးတင်ထိုက်သည်ဟူ၍ ဘုရားရှင်က လမ်းညွှန်ခဲ့ပါသည်။ အသက်အရွယ်ကြီးရင့်သည့် ဘိုးဘွားမိဘမှစ၍ လူပုဂ္ဂိုလ်အားလုံးတို့သည်လည်း သာမဏေငယ်လေးပင်ဖြစ်လင့်ကစား သဒ္ဓါတရားအပြည့်အဝဖြင့် ကြည်ညိုရှိခိုးပူဇော်ခြင်းဖြင့် ကောင်းမှုကုသိုလ်အများအပြား ရရှိနိုင်ပါသည်။

သံဃာတော်များအား ရှိခိုးကော်ရော်ပူဇော်ထိုက်ရန်အတွက် သံဃာ့ဂုဏ်တော် ၉ ပါး ရှိနေပါသည်။

သံဃာ့ဂုဏ်တော် ၉ ပါး

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်မြတ်သည်-

(၁) **သုပ္ပဋိပန္နော**၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောအကျင့်ကို ကောင်းစွာကျင့်တော်မူတတ်ပါပေ၏။

(၂) **ဥဇုပ္ပဋိပန္နော**၊ မဇ္ဈိမပဋိပဒံ အကျင့်မှန်ကို ဖြောင့်မှန်စွာ ကျင့်တော်မူပါပေ၏။

(၃) **ဉာယပ္ပဋိပန္နော**၊ နိဗ္ဗာန်ထုတ်ချောက် မျက်မှောက်ပြုရေးအလေးပေးကာ ကျင့်တော်မူပါပေ၏။

(၄) **သာမီစိပ္ပဋိပန္နော**၊ ပေါ်နိုင်ခဲလက် နည်းကျင့်နက်ကို လေးနက်ရိုသေ ကျင့်တော်မူပါပေ၏။

ယဒိတံ စတ္တာရိ ပုရိသယုဂါနိ၊ မဂ်ဖိုလ်ရဆဲ အကြင်လေးစုံတွဲတို့သည်။ အဋ္ဌပုရိသ ပုဂ္ဂလာ၊ သင်္ချာချင့်ထောက်ရှစ်ယောက်တို့သည်။ဟောန္တိ၊ ဖြစ်ကြပေကုန်၏။ ဘဂဝတော၊ ဘုန်းပန်းမဋ္ဌူ သောင်းလုံးကြူသည့် နတ်လူများထွတ် ဘုရားမြတ်၏။ ဧသော သာဝကသံဃော၊ ဤတပည့်သား သံဃာတော်သည်-

(၅) **အာဟုနေယျော**၊ တကူးတက ဝေးမှဆောင်ယူ ပူဇော်ခြင်းကို ခံယူတော် မူထိုက်ပေ၏။

(၆) **ပါဟုနေယျော**၊ ဧည့်ထူးစောင်ထူး ရည်စူးစီမံ လှူရန်ဟူသမျှ ခံထိုက်လှပါပေ၏။

(၇) **ဒက္ခိဏေယျော**၊ ထွတ်ထွတ်မြတ်မြတ် သတ်မှတ်ရည်စူး အလှူထူးကို ခံယူတော်မူထိုက်ပေ၏။

(၈) **အဉ္ဇလိကရဏီယော**၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကိုလည်း ခံထိုက်ပေ၏။

(၉) **လောကဿ**၊ ဗြဟ္မာနတ်လူ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများ၏။ အနုတ္တရံ၊ အတုမရှိ မတူမရှိ အကောင်းဆုံးဖြစ်သော။ ပုညက္ခေတ္တံ၊ ကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်တော်မူပါပေ၏။

မြတ်စွာဘုရားက သာသနာတော်သန့်ရှင်းတည်တံ့ရေးအတွက် သံဃာတော်များစောင့်ထိန်းရမည့် (၂၂၇)သွယ်သော သိက္ခာပုဒ်များ ထားရှိခဲ့သည့်အပြင် သံဃာ့ဂုဏ်တော် ၉ ပါးကိုလည်း လူအများ ကြည်ညိုသဒ္ဓါပွားများနိုင်စေရန် ဟောကြားညွှန်ပြခဲ့ပါသည်။

မြတ်စွာဘုရားရှင်ကဲ့သို့ပင် ထေရဝါဒ စစ်စစ်မှန်မှန် ကျင့်သုံးသော မြန်မာနိုင်ငံရှိ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများကလည်း မျက်မှောက်ကာလနှင့် လိုက်လျောညီထွေ သံဃာတော်များလိုက်နာစောင့်ထိန်းရန် ညွှန်ကြားလွှာများကိုလည်း အခါအားလျော်စွာ ထုတ်ပြန်ခဲ့ပါသည်။ ထိုညွှန်ကြားလွှာများ ထုတ်ပြန်ခဲ့ရသည်မှာလည်း သာသနာတော်ကြီး မညှိုးမမှိန် မပျောက်မပျက်စေရန်အတွက် လုံ့လဝီရိယ စိုက်ထုတ်သောအားဖြင့် မသင့်လျော်သည့်အလုပ်များ မလုပ်မိစေရန် မေတ္တာတော်ရှေ့ထား၍ ဓမ္မတရားနှင့်အညီ ဟန့်တားတားမြစ်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ယခုခေတ်အခါသမယတွင် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများဖြစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဥက္ကဋ္ဌဆရာတော်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဘဒ္ဒန္တကုဏ္ဍာစာရ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ပဲခူးမြို့မဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင်ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကတို့ ကြီးမှူးထုတ်ပြန်ခဲ့သော သံဃာတော်များ စောင့်ထိန်းလိုက်နာရမည့် ညွှန်ကြားလွှာအမှတ် (၈၃)ကို နုတ်ပယ်ခြင်းလည်းမရှိ၊ ထပ်မံဖြည့်စွက်ခြင်းလည်း မပြုလုပ်ဘဲ မူလညွှန်ကြားလွှာမူရင်းအတိုင်း ရဟန်းသံဃာတော်များနှင့် လူပုဂ္ဂိုလ် ဒါယကာ၊ ဒါယိကာမများ ဗဟုသုတအဖြစ် သိရှိစေရန် အောက်ပါအတိုင်း ဖော်ပြပေးအပ်ပါသည်-

ညွှန်ကြားလွှာအမှတ်(၈၃)

သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည် ပါတီနိုင်ငံရေးများ၌ ပါဝင်ဆောင်ရွက်ခြင်းမပြုလုပ်ရန်ညွှန်ကြားခြင်း။

(၁၃၊ ၇၊ ၉၁) (၃-၂၊ ၄၊ ၅၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ထေရဝါဒဂိုဏ်းဝင် သံဃာပေါင်းသုံးသိန်းကျော် နေထိုင်သီတင်းသုံးလျက်ရှိပါသည်။ ယင်းထေရဝါဒ ဂိုဏ်းဝင် သံဃာအပေါင်းသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးမူအရ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပပြီးနောက် သံဃာ့ဂိုဏ်းကြီး ၉ ဂိုဏ်းဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်း၍ သာသနာရေးတာဝန်များကို ဆောင်ရွက်လျက်ရှိကြပါသည်။

ထေရဝါဒသံဃာ့ဂိုဏ်းဝင် သမ္မုတိသံဃာတို့သည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဦးတည်၍ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့၏ ကိစ္စဖြစ်သော ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးလုံးကိုသော်လည်းကောင်း၊ တစ်ပါးပါးကိုသော်လည်းကောင်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပါတီနိုင်ငံရေးများ၌ ပါဝင်ဆောင်ရွက်ခြင်းကို ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။

အကယ်၍ ရဟန်းသာမဏေများ ပါတီနိုင်ငံရေးများ၌ ပါဝင်ဆောင်ရွက်ပါက နိုင်ငံရေးပါတီများသည် ရဟန်းသာမဏေများထံ ချဉ်းကပ်၍ ဆရာမွေးကြပေလိမ့်မည်။ ထိုအခါ ရဟန်းသာမဏေများသည် မိမိနှစ်သက်ရာပါတီ အနိုင်ရရှိရေးကို ဆောင်ရွက်ကြရ၊ ဟောပြောကြရသဖြင့် ဘုရားရှင်၏ဓုရနှစ်ဖြာကို အားမထုတ်နိုင်တော့ဘဲ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဦးတည်ချက်ကို ထိခိုက်လာမည့်အပြင် ရဟန်းသာမဏေအချင်းချင်း စိတ်ဝမ်းကွဲပြားကာ ခဲခဲယဉ်းယဉ်းတည်ဆောက်ထားရသော ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကြီးပြိုကွဲ၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ ဧကန်ပျက်စီးကြရပေလိမ့်မည်။

ရှေးယခင် အင်္ဂလိပ်အုပ်စိုးစဉ်အခါက ဝံသာနု၊ ဒိုင်အာခီစသည်ကွဲပြားကြရာ ရဟန်းတော်များ၊ ပါတီနိုင်ငံရေး၌ ပါဝင်ဆောင်ရွက်ကြသဖြင့် ဝံသာနုဘုန်းကြီး၊ ဒိုင်အာခီဘုန်းကြီးစသည်တို့ စိတ်ဝမ်းကွဲကာ ကံကြီးကံငယ်အတူမဆောင်နိုင်၊ သံဃာစင် အတူမတက်နိုင်သည်အထိ အချင်းချင်းကွဲပြားခဲ့ဖူးပါသည်။

မြန်မာနိုင်ငံတော်၌ ရှေးအခါက တစ်ကြိမ်တစ်ခါမျှ မရခဲ့ဖူးသော ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကြီးကို ရရှိ၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းကာ **" သံဃာ့ကိစ္စ သံဃာဆောင်ရွက် "** ဟူသောမူအရ သာသနာ့ကိစ္စအဝဝကို သံဃာတော်များ ကိုယ်တိုင်ဆောင်ရွက်ခွင့်ရသဖြင့် သာသနာတော်၌ အဓမ္မဝါဒများကို နှိမ်နင်းနိုင်ခြင်း စသောအကျိုးတရားများစွာ ဖြစ်ထွန်းခဲ့ပါသည်။ သို့ဖြစ်၍ ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကြီးမပြိုကွဲရန် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်သည် ရဟန်းသာမဏေတိုင်း၏ တာဝန်ဖြစ်သည်။ ဤတာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်ကြသဖြင့် သံဃာ့ညီညွတ်ရေးကြီးပြိုကွဲ၍ သံဃာ့အဖွဲ့အစည်းများ ပျက်စီးသွားပါက နောင်တစ်ဖန် ဤအခွင့်အရေးမျိုး ရရှိရန်မျှော်မှန်း၍ ရနိုင်တော့မည်မဟုတ်ပါ။

ပါတီနိုင်ငံရေးဟူသည် လူဝတ်ကြောင်၊ လူပုဂ္ဂိုလ်တို့၏ကိစ္စတာဝန်သာ ဖြစ်ပါသည်။ ရဟန်းသာမဏေများသည်ကား မည်သည့်ပါတီကပင် အစိုးရအဖြစ် တက်ရောက်လာသည်ဖြစ်စေ၊ ထိုတက်ရောက်လာသော အစိုးရ၏ တရားနှင့်အညီပေးအပ်သော အာဏာစက်အကူအညီ အထောက်အပံ့ကိုရယူ၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို စောင့်ရှောက်ထိန်းသိမ်းသွားရမည်သာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ သီတင်းသုံးနေထိုင်ကြသော ထေရဝါဒသံဃာ့ဂိုဏ်းဝင် ရဟန်းသာမဏေတို့သည် ပါတီနိုင်ငံရေးများ၌ ကိုယ်တိုင်ပါဝင်ခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သူတစ်ပါးအား တိုက်တွန်းခြင်းများမှ ရှောင်ရှားကြရန် ညွှန်ကြားလိုက်ပါသည်။

(ဘဒ္ဒန္တကုဏ္ဍာစာရ)	ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၊
အဘိဓဇမဟာရဋ္ဌဂုရု	(အဂ္ဂမဟာပဏ္ဍိတ၊
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့	အဘိဓဇမဟာရဋ္ဌဂုရု၊
ဥက္ကဋ္ဌဆရာတော်	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက)
	နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
	အကျိုးတော်ဆောင်ချုပ်

ဗုဒ္ဓမြတ်စွာဘုရားသခင်သည် သာသနာတော်ကို ဓမ္မနည်းလမ်းကျကျ ပြုစုစောင့်ရှောက်ထိန်းသိမ်းနိုင်စေရန်အတွက် လူပုဂ္ဂိုလ်ရော ရဟန်းပါ ထိန်းသိမ်းစောင့်ရှောက်ရမည့် ကျင့်ဝတ်များကို သိင်္ဂါလ သတို့သားအား ဟောကြားသော သိင်္ဂါလောဝါဒသုတ္တန်တွင် ဟောကြားထားပါသည်။

- ရဟန်းသံဃာတော်များအား ကိုးကွယ်ရာတွင် မေတ္တာနှင့်ယှဉ်သော ကာယကံမှုဖြင့် တရားတော်နှင့်အညီ ဆည်းကပ်ကိုးကွယ်ရမည်။
- မေတ္တာနှင့်ယှဉ်သော ဝစီကံမှုဖြင့် တရားတော်နှင့်အညီ သံဃာတော်များကို ဆည်းကပ်ကိုးကွယ်ကြရမည်။
- မေတ္တာနှင့်ယှဉ်သော မနောကံမှုဖြင့် တရားတော်နှင့်အညီ သံဃာတော်များကို ဆည်းကပ်ကိုးကွယ်ကြရမည်။
- အမြဲမပြတ်လှူဒါန်းလိုသော အလောဘစိတ်ထားရှိ၍ အလှူခံပုဂ္ဂိုလ်အား တံခါးဖွင့်ကာ မျှော်လင့်စောင့်ဆိုင်းနေသည့် စေတနာသဒ္ဓါတရားမျိုးဖြစ်ရမည်။
- ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသော အာမိသတို့ကို ပေးလှူခြင်းဖြင့် သံဃာတော်များကို ပြုစုစောင့်ရှောက်ကြရမည်။

သိင်္ဂါလသူကြွယ်သား ဤငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားတို့သည် သာသနာတော်ကို ပြုစုစောင့်ရှောက်ကုန်လော့ ဟူ၍ဟောကြားခဲ့ပါသည်။

ထိုနည်းတူစွာပင် ရဟန်းတော်များဘက်က ပြုကျင့်ရမည့် ရဟန်းကျင့်ဝတ် ၆ ပါးကိုလည်း သိင်္ဂါလောဝါဒသုတ္တန်တွင် ဟောကြားခဲ့ပါသည်-

- မကောင်းမှုမပြုလုပ်မိစေရန် တရားပြ၍ တားမြစ်ကုန်၏၊
- ကောင်းမှုတရား၌ သက်ဝင်ယုံကြည်စေရန်အတွက် တရားဖြင့် လမ်းညွှန်ရာ၏၊
- ကောင်းသောမေတ္တာစိတ်ဖြင့် ဒါယကာ၊ ဒါယိကာမတို့အား စောင့်ရှောက်ကြကုန်၏၊
- မကြားဖူး၊ မသိဖူးသေးသော တရားစကားများကိုလည်း ဟောကြားရာ၏၊
- ကြားဖူး၊ သိဖူးသော တရားစကားများကိုလည်း အသိအမြင် ဖြူစင်သန့်ရှင်းစေရန်အတွက် အဖန်ဖန်အထပ်ထပ် ဟောကြားရာ၏၊
- နတ်ပြည်နိဗ္ဗာန်သို့ သွားရောက်မည့်ခရီးအား ညွှန်ပြကုန်ရာ၏။

အထက်ဖော်ပြပါအတိုင်း သံဃာတော်များ ပြုကျင့်ရန် မြတ်စွာဘုရားက ဟောကြားခဲ့ပါသည်။

မြတ်စွာဘုရားသာသနာတော်နှင့် တရားတော်များ မပျောက်မပျက် ဆက်လက်ရှင်သန်ထွန်းကားစေရေးအတွက် မြတ်စွာဘုရား သတ်မှတ်ပြဋ္ဌာန်းခဲ့သော ဝိနည်းတရားတော်များနှင့်အညီ သံဃာတော်များဘက်က ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သကဲ့သို့ မြန်မာနိုင်ငံတွင် ထေရဝါဒကိုးကွယ်သော ဗုဒ္ဓဘာသာနွယ်ဝင် ဒါယကာ၊ ဒါယိကာမများဘက်ကလည်း သံဃာတော်များအား သဒ္ဓါတရားထက်သန်စွာဖြင့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းပေးကာ ဆရာဒကာ လက်တွဲညီညီ သာသနာပြုနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ။

ဖခင်ကြီး ဦးဘိုးချစ်၊ မိခင်ကြီး ဒေါ်ညွန့်ကြည် (ကြို့ပင်ကောက်)တို့အား ရည်စူး၍ ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်နေ ဦးသန့်လွင် - ဒေါ်ကျော့မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံစဉ်။
(ဇီဝိတဒါနသံဃာ့ဆေးရုံ)

မြန်မာ့ရုပ်မြင်သံကြား

၁၃-၂-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်
- ၈း၀၀ ၂။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၅ ၃။ ပြည်ထောင်စုနေ့ ဂုဏ်ပြု (ဆိုင်းအဖွဲ့ဖျော်ဖြေတင်ဆက်မှု အစီအစဉ်)
- ၈း၄၀ ၄။ International News
- ၈း၄၅ ၅။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄း၁၅ ၁။ အကပဒေသာ
- ၄း၃၀ ၂။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဓာတုဗေဒဘာသာရပ်)
- ၅း၁၀ ၃။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၅ ၄။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၁၅ ၅။ မိုးလေဝသအခြေအနေ
- ၇း၄၀ ၆။ **ရောဝတီအတွက်နောက်ထပ်တံတားတစ်စင်း** (အပိုင်း-၂)
- ၈း၀၀ ၇။ ပြည်တွင်းသတင်း
- ၈။ နိုင်ငံတကာသတင်းများ
- ၉။ မိုးလေဝသအခြေအနေ
- ၁၀။ ကမ္ဘာကျော်သရုပ်ဆောင်များ

အလယ်ပိုင်းဒေသများ ညအပူချိန်တိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

❒ ကျောဖုံးမှ

ထို့နောက် နံနက် ၅ နာရီခွဲတွင် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကိုကျင်းပရာ အလံတင်တပ်စုက ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အလံကို လွှင့်တင်ပေးသည်။

ချီတက်နေရာယူ

ဆက်လက်၍ နံနက် ၇ နာရီတွင် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

သဝဏ်လွှာဖတ်ကြား

ယင်းနောက် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော်မြို့တော်ခန်းမ၊ နေပြည်တော်ရှိ လမ်းဆုံအဝိုင်းများ၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ မဏိရတနာ ကျောက်စိမ်းခန်းမ၊ ကျောက်စိမ်းဥယျာဉ်၊ နေပြည်တော် မြို့မဈေးနှင့် သပြေကုန်းဈေးတို့တွင် ရောင်စုံမီးများ လှပစွာ ထွန်းညှိထားကြသည်။ **(သတင်းစဉ်)**

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော် အလံအလေးပြုပွဲ အခမ်းအနားသို့ တက်ရောက် လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော် မြို့တော်ခန်းမ၌ ရောင်စုံမီးများ လှပစွာ ထွန်းညှိထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ပုဗ္ဗန်တောင်မြို့နယ် အလက(၃) ကျောင်းဝင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရ ဖတ်ကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဗိုလ်တထောင်မြို့နယ် အထက(၆) မြက်ခင်းပြင်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး ဖတ်ကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

ပြည်ထောင်စုနေ့အခမ်းအနား ရေးမြို့၌ ကျင်းပ

ရေး ဖေဖော်ဝါရီ ၁၂

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ရေးမြို့ ရန်မျိုးအောင်ရပ်ကွက်ရှိ လွတ်လပ်ရေး ကျောက်တိုင်ကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဝင်းက ဖတ်ကြားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို အလုံမြို့နယ် အထက(၆)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင် ဖတ်ကြားစဉ်။

(မြို့နယ်ပြန်/ဆက်)

တောင်ပေါ်မြေပြန့် လွယ်လင့်တကူသွားလာနိုင်ရန် ပေါင်းကူးဆက်သွယ်ပေးထားသည့် မကွေးတိုင်းဒေသကြီး ချောက်မြို့နှင့် ဆိပ်ဖြူမြို့ မြစ်ကမ်းနှစ်ဖက်ကိုသွယ်တန်းထားသော အနော်ရထာတံတား

* ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း အပြန်အလှန်သွားလာရာ၌ ရေယာဉ်များ၊ လှေများကို စောင့်ဆိုင်းနေရသည့်ဘဝ၊ သွားချိန်လာချိန် ကြာမြင့်နေရသည့်ဘဝမှ လွတ်မြောက်ပြီး မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူ အချိန်အခါမရွေး သွားလာနိုင်အောင် နိုင်ငံတော်က မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကူး ဒုတိယတံတားတစ်စင်းအဖြစ် အနော်ရထာတံတားကို တည်ဆောက်ပေးခဲ့သည်။

* အနော်ရထာတံတားကြီး၏ ပေါင်းကူးဆက်သွယ်ပေးမှုကြောင့် အရှေ့ဘက်ကမ်း ချောက်မြို့နယ်နှင့် အနောက်ဘက်ကမ်း ဆိပ်ဖြူမြို့နယ်တို့ လွယ်လင့်တကူ အပြန်အလှန် ကူးသန်းသွားလာနိုင်ကြပြီဖြစ်သည်။ ဆိပ်ဖြူမြို့နယ်အပါအဝင် ဧရာဝတီမြစ်အနောက်ဘက်ကမ်း ဒေသများဖြစ်သည့် ဆော၊ ပေါက်နှင့် ကျောက်ထု၊ ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်နှင့် ကန်ပက်လက်မြို့နယ်တို့မှာ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ပြီး စီးပွားရေးအခြေအနေ၊ လူမှုရေးအခြေအနေများ တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။

* ယခင်က လမ်းပန်းဆက်သွယ်မှုခက်ခဲသောကြောင့် ဒေသတစ်ခုနှင့်တစ်ခုရင်းနှီးမှုနည်းပါးရခြင်း၊ တိုးတက်မှုကွာဟရခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး ယခုအနော်ရထာတံတားကြီးကို တည်ဆောက်ပေးထားသဖြင့် တိုင်းရင်းသားပြည်သူများ ပိုမိုရင်းနှီးချစ်ကြည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးများ ရရှိလာသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

အနော်ရထာတံတားအချက်အလက်များ

၁။ အနော်ရထာတံတားမှာ စုစုပေါင်း ၅၁၉၁ ပေ ရှည်ပြီး ပင်မတံတားမှာ ၄၁၉၁ ပေရှည်၍ ချဉ်းကပ်တံတား၏ အရှည်မှာ ပေ ၁၀၀၀ ဖြစ်သည်။

၂။ ပင်မတံတား၏အပေါ်ထည်မှာ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ပြီး အောက်ထည်ကို သံကူကွန်ကရစ်တိုင်များဖြင့် တည်ဆောက်ထားသည်။

၃။ ချဉ်းကပ်တံတား၏ အပေါ်ထည်ကို သံကူကွန်ကရစ်ရက်မ ကြမ်းခင်းများဖြင့် တည်ဆောက်ထားပြီး အောက်ထည်ကို သံကူကွန်ကရစ်တိုင်များဖြင့် တည်ဆောက်ထားသည်။

၄။ တံတား၏ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေဖြစ်ပြီး တစ်ဖက်လျှင် ခြောက်ပေစီကျယ် လူသွားလမ်းပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေအကျယ်မှာ ပေ ၃၅၀ ဖြစ်ပြီး ရေအမြင့်ဆုံးတက်ချိန်တွင် ပေ ၆၀ ခန့် ကင်းလွတ်နေမည်ဖြစ်သည်။ တံတားပေါ်၌ တန် ၆၀ ယာဉ်များ ဖြတ်သန်းအသုံးပြုနိုင်မည်ဖြစ်သည်။

၅။ အနော်ရထာတံတားကို ၂၆-၇-၁၉၉၆ တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၀-၃-၂၀၀၁ တွင် တည်ဆောက်ပြီးစီးခဲ့သည်။

မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၂

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဖေဖော်ဝါရီ ၉ ရက် နံနက် ၈နာရီတွင် မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ စလင်းမြို့နယ် ဇရပ်ကြီးကွင်းအနီး လင်းဇင်းဆည်လက်တံအမှတ်(၃)ရေမြောင်း ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

လက်တံအမှတ်(၃)သည် အရှည် ၁၂၁၄၄ ပေရှိပြီး လက်တံမြောင်းရေပေး ဧက ၁၉၄၁ ဧက ရှိသည့်အနက် ယခု နွေစပါးရာသီတွင် ၁၉၃၄ ဧက စိုက်ပျိုးမည်ဖြစ်သဖြင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က နွေစပါးအပြည့်အဝ ရေပေးဝေနိုင်ရေး၊ လက်တံမြောင်း ပြန်လည်ပြုပြင်ရာတွင် လျာထားပေးသော ဘဏ္ဍာငွေအား အလေအလွင့်မရှိ သုံးစွဲရေး၊ လုပ်ငန်းအချိန်မီပြီးစီးရေးတို့အား မှာကြားပြီး ရွာမှတ်ကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းကိုကြည့်ရှုသည်။ ထို့နောက် မင်းဘူးခရိုင် စလင်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စလင်းမြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

ရှေးမူမပျက်

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စလင်းမြို့ရှိ မြောက်လေးစင်သမိုင်းဝင်ရုပ်စုံကျောင်းကို ဝင်ရောက်ကြည့်ရှု၍ ရှေးဟောင်းသမိုင်းဝင်ကျောင်းဖြစ်သည့်အတွက် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက ဝိုင်းဝန်းထိန်းသိမ်းရေး၊ လာရောက်လေ့လာသူများအား ကူညီစောင့်ရှောက်ပေးရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုံခြုံရေးစီမံချက်များချမှတ်၍ ဆောင်ရွက်ပေးရေးတို့ကို မှာကြားခဲ့သည်။ စလင်းမြို့ရှိ မြောက်လေးစင် သမိုင်းဝင်ရုပ်စုံကျောင်းသည် မြန်မာသက္ကရာဇ် ၁၂၃၀ ခုနှစ်က စတင်ဆောက်လုပ်လှူဒါန်းခဲ့ပြီး ကျောင်းအကျယ်မှာ ၁၇၈ ဒသမ ၈ × ၉၀ ပေ ကျယ်ဝန်းပြီး ကျွန်းတိုင်လုံး ၂၄၅ လုံး၊ အရှည်ပေ ၁၆ ဒသမ ၆ ရှိ လှေကားခြောက်စင်းပါရှိ၍ မြန်မာမှုလက်ရာ ပန်းပုရုပ်လုံး အမွှမ်းအပြောက်၊ ပန်းခက်ပန်းနွယ်တို့ဖြင့် ရုပ်လုံးဖော်ထားကြောင်းနှင့် ယခုအချိန်အထိ ရှေးမူမပျက်ထိန်းသိမ်းထားလျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စလင်းမြို့နယ် ရွာသာကုန်းရွာအနီး လင်းဇင်းရေလွှဲဆည်မှ အရှည် ၈၄၄၈ ပေရှိ လက်တံ (၇) ရေမြောင်း ပြန်လည်တူးဖော်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

စိုက်ပျိုး

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်ရှိ လင်းဇင်းရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ်မှာ ၁၉၂၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ လက်ရှိမိုးစပါး ဧက ၃၂၉၆၀ ကိုသာ ရေပေးဝေနိုင်သဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယသမ္မတနိုင်ငံချေးငွေဖြင့် ငွေကျပ်သန်းပေါင်း ၁၇၃ ဒသမ ၂၀ သန်းလျာထား၍ လင်းဇင်းရေလွှဲဆည်၏ ရေသောက်စနစ်ခေတ်မီအောင် ပြန်လည်ပြုပြင် ဆောင်ရွက်လျက်ရှိရာ လင်းဇင်းရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ်အား ပြန်လည်ပြုပြင်ပြီးပါက နွေစပါး၊ မိုးစပါးစုစုပေါင်း ဧက ၃၅၇၀ ကို တိုးချဲ့စိုက်ပျိုးလာနိုင်ပြီး ရေသောက်ဧရိယာစုစုပေါင်း ဧက ၃၆၅၃၀ ပိုမိုစိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဘိုးအဘွားများအား အာဟာရကျွေးမွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုခန်းမ၌ ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီက အဘိုးအဘွားများအား ရန်ကုန်မြို့နေ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်(ငြိမ်း) သာသနာရေးဝန်ကြီးဌာနဝန်ကြီး(ငြိမ်း)၏ဇနီး ဒေါ်ခင်လှမိသားစု၊ ဒေါက်တာဒေါ်လေးခိုင်နှင့် အလှူရှင်များက တစ်နေ့တာ အာဟာရကျွေးမွေးလှူဒါန်းပွဲကျင်းပခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(စမ်းစမ်းကြည်)**

အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာများ ပုဏ္ဏားကျွန်း၌ပေးအပ်

ပုဏ္ဏားကျွန်း ဖေဖော်ဝါရီ ၁၂

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနက အရေးပေါ်သုံးမြန်မာ့တိုင်းရင်းဆေးသေတ္တာများပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ၁၆ရက်နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးရာဇ်မင်္ဂလာခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းမင်းကျော်က အမှာစကားပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်နန့်တင်တင်အေးက တိုင်းရင်းဆေးသေတ္တာသုံးစွဲနည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စု ၄၀ သို့ တိုင်းရင်းဆေးသေတ္တာ ၄၀ ကို ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ ညောင်ပင်သာ-ကညင်ဒိုင်းလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးအောင်မြင့်၊ ဦးတင့်အောင်နှင့် ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၆ ရက်က ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးရေး စီမံချက်လုပ်ငန်း မိုးပွင့်အဆင့်(၂)အရ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးမှဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (လဝက)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု

အနောက်မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

မိုးနဲ ဖေဖော်ဝါရီ ၁၂

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သည့် မိုးနဲမြို့အနောက် မြို့ပတ်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်က အဆိုပါမုခ်ဦး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟက အမှာစကားပြောကြားပြီး မိုးနဲမြို့စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်က လမ်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ကတ္တရာလမ်းသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောလုံနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါကတ္တရာလမ်းသစ်မှာ အရှည်ပေ ၇၈၀၊ အကျယ် ၁၂ ပေဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း အချို့သောခြေကျင်သွားလာသည့် လမ်းအသုံးပြုသူများ၏ စည်းကမ်းမဲ့ လမ်းဖြတ်ကူးခြင်းကြောင့် ယာဉ်မတော်တဆမှု ဖြစ်ပွားပြီး သေဆုံး၊ ဒဏ်ရာ ရလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ခြေကျင်သွားလာသူ (လမ်းအသုံးပြုသူ)များသည် လူသွားစင်္ကြံ၊ လူကူးမျဉ်းကျားများ၊ လူကူးခုံးကျော်တံတားများမှ သွားလာဖြတ်ကူးကြပါရန်နှင့် လိုက်နာခြင်းမရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြန်မာ့အလင်း မှ ခင်း သ တင်း ၁၂-၂-၂၀၁၂

ကားကျော်တက်စဉ် မျက်နှာချင်းဆိုင်မှ ဆိုင်ကယ်ကို ဝင်တိုက်မိပြီး ထွက်ပြေးတိမ်းရှောင်

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ရဲစခန်းအပိုင် ရန်ကုန်-မန္တလေးလမ်းမကြီး မိုင်တိုင်အမှတ်(၃၈၀/၀)အနီးတွင် ဖေဖော်ဝါရီ ၂ ရက်က မိတ္ထီလာမှ မန္တလေးဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်ကားကြီးတစ်စီးသည် ရှေ့မှ ကုန်ကားကြီးတစ်စီးကို ကျော်တက်စဉ် မျက်နှာချင်းဆိုင်မှ ကျော်ဖြိုးမောင်းလာသော ဆိုင်ကယ်အား ဝင်တိုက်မိရာ ဆိုင်ကယ်နောက်မှ လိုက်လာသူ ဝမ်းတွင်းမြို့နယ် ညောင်ခင်ကျေးရွာနေ ဦးမှတ်စိန် အသက် (၄၂)နှစ်မှာ ဦးခေါင်းတွင် ဒဏ်ရာရရှိပြီး နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားသည်။ ဆိုင်ကယ်စီးသူ ကျော်ဖြိုးမှာလည်း ဒဏ်ရာများရရှိခဲ့၍ ဝမ်းတွင်းဆေးရုံတွင် အတွင်းလူနာအဖြစ် တင်ထားလိုက်ရသည်။ ယာဉ်တိုက်မှုဖြစ်ပြီးနောက် ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်းအား ဖမ်းဆီးရမိရေးအတွက် ရွှေတောင်ရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၀၁၂)

ကန်ကြီးထောင့်၌ ဆိုင်ကယ်တိုက်မိ၊ တစ်ဦးသေဆုံး

ဖေဖော်ဝါရီ ၄ ရက် ည ၇ နာရီခန့်တွင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု ပုလဲကူးကျေးရွာ ခရောင်းကွင်းလမ်းဆုံ ပုသိမ်-မြောင်းမြလမ်းမိုင်တိုင်အမှတ် ၁၀/၂ နှင့် ၁၀/၃ အကြားတွင် ဦးကျော်ထွန်းစိန်သည် စက်ဘီးစီး၍ ကံကုန်းလမ်းဆုံမှ ဓာတ်မြေဩဇာ ဝယ်ယူရန်သွားရောက်ပြီး ပုလဲကူးကျေးရွာသို့ ပြန်လာစဉ် ပုသိမ်မြို့မှ မြောင်းမြမြို့သို့ မြောင်းမြမြို့နေသူ ဇူလိုင်မင်းဦး မောင်းလာသော ၁၉ယ/. . . . ဒရင်းဆိုင်ကယ်က ဦးကျော်ထွန်းစိန်၏ စက်ဘီးကို ဝင်တိုက်မိရာ ဦးကျော်ထွန်းစိန်၏နောက်စေ့ ပေါက်ပြဲဒဏ်ရာ ယာနားသွေးစိမ့်ထွက်ဒဏ်ရာများရရှိသွားသဖြင့် ပုသိမ်ဆေးရုံကြီးသို့ တင်ပို့ကုသသော်လည်း ည ၇ နာရီခွဲခန့်တွင် သေဆုံးသွားရာ သက်ဆိုင်ရာ ရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။ (၀၉၃)

စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကျင်းပ

ဒေးဒရဲ ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ရွာသာအေးကျေးရွာ၌ လောကအလင်းစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်၊ မိချောင်းအိုင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းညွန့်၊ ရပ်မိရပ်ဖ ဦးသိန်းဝင်းတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက လောကအလင်းစာကြည့်တိုက်အတွက် သုတ ရသစာအုပ်စုံ ၁၀၀တို့ကိုပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝင်းညွန့်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လှူဒါန်း

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အမှတ် (၈) ကသစ်လမ်း မြေညီထပ်နေ ဒေါ်မျိုးမျိုးထွေး မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ တစ်နေ့တာအာဟာရနှင့်ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၆၅၀၀၀ ကို ရိပ်သာ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်လှိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၀၀၉)

ခြင်ဆေးခွေနှင့်ဖယောင်းတိုင်မီးထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားခြင်းသတိပြု

မီးလောင်လွယ်သောပစ္စည်းများအနီးတွင် ဖယောင်းတိုင်မီးထွန်းခြင်း၊ ဘုရားမီးပူဇော်ခြင်းကို မေ့လျော့ပေါ့လျော့စွာထားရှိခြင်း၊ ဖယောင်းတိုင်မီးထွန်း၍ စာကြည့်ခြင်း၊ အိပ်ပျော်သွားခြင်း၊ ဖယောင်းတိုင်မီးဖြင့် မော်တော်ကား ဓာတ်ဆီဖြည့်ခြင်း၊ အိပ်ရာ၊ ခုတင်အနီးတွင် ဖယောင်းတိုင်နှင့် ခြင်ဆေးခွေထွန်းခြင်း၊ မော်တော်ကားခေါင်းခန်းကူရှင်ပေါ်တွင် ခြင်ဆေးခွေထွန်းခြင်း၊ မီးလောင်လွယ်သော ပစ္စည်းများအနီးတွင် ထားရှိခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားလျက်ရှိသကဲ့သို့ မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ပါသဖြင့် ခြင်ဆေးခွေနှင့်ဖယောင်းတိုင်မီးများ သုံးစွဲပါက လူစောင့်ထားရှိကြရန်၊ လူစောင့်မရှိပါက မီးငြိမ်းထားကြရန် သတိပေးနှိုးဆော်အပ်ပါသည်။ မီးသတ်ဦးစီးဌာန

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား နေပြည်တော် မြို့တော်ခန်းမ၌ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရ အခွန့်ရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားအောင်ဖော်ဆောင်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ကျင့်သုံးပြီး ပြည်ထောင်စုကြီးခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသည့် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ဥပစာရင်ပြင်၌ ကျင်းပရာ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကိုဖတ်ကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၂၃၀၀ ကျော် တက်ရောက်ကြသည်။

နေရာယူ

အခမ်းအနားသို့ တက်ရောက်ကြမည့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူ ကိုယ်စားလှယ်များသည် နံနက် ၅ နာရီမှစတင်၍ စုရပ်အသီးသီးမှ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ သတ်မှတ်နေရာများသို့ စနစ်တကျ ဝင်ရောက်နေရာယူကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❐

သဝဏ်လွှာ ဖတ်ကြား

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဖတ်ကြားစဉ်။

(သတင်းစဉ်)

မန်စီးတီးတို့ အဝေးကွင်း၌ နိုင်ပွဲရ ဖတန်းစီဇယားကို ဦးဆောင်နိုင်ခဲ့

➤ မောင်မောင်မြင့်ဆွေ - ရေးသားသည် ➤

လန်ဒန် ဖေဖော်ဝါရီ ၁၂

ပရီမီယာလိဂ် ပွဲစဉ်(၂၅) ပွဲစဉ်အဖြစ် ဗီလာနှင့် မန်စီးတီးတို့ ဖေဖော်ဝါရီ ၁၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပရီမီယာလိဂ်တန်းစီဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ***စာမျက်နှာ ၆ ကော်လံ ၁*** ●

ဗီလာနှင့် မန်စီးတီးတို့ပွဲတွင် မန်စီးတီးမှ လက်စ်ကော့(လယ်) ဤသို့ ဂိုးသွင်းခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

၂၀၁၁ ခုနှစ် အကောင်းဆုံးသတင်းဓာတ်ပုံဆု စပိန်ဓာတ်ပုံဆရာဆွတ်ခူး စာ-၄

ဇှက်များရန်မှကာကွယ်မည့်စက်ရုပ်များ တောင်ကိုရီးယားလေဆိပ်၌ထားမည် စာ-၄

မကွေးတိုင်းဒေသကြီး ချောက်မြို့နှင့် ဆိပ်ဖြူမြို့ မြစ်ကမ်းနှစ်ဖက်ကို သွယ်တန်းထားသော အနော်ရထာတံတား စာ-၉

မြန်မာ့အလင်း အာကာသသိပ္ပံ — ကောင်းမြတ်သူ - ရေးသားသည်

ဗီဂါဒုံးပျံကြီး ပထမဆုံးလွှတ်တင်ရန်စီစဉ် ဂြိုဟ်တုကိုးလုံး သယ်ဆောင်သွားမည်

ပြင်သစ်(ဂီယာနာ) ဖေဖော်ဝါရီ ၁၂

ဥရောပအာကာသအေဂျင်စီက ဗီဂါ(Vega)အမည်ရှိ ဒုံးပျံ**(အောက်ပုံ)**ကို အာကာသသို့ ပထမဆုံးလွှတ်တင်ရန် စီစဉ်လျက်ရှိကြောင်း ၄င်းအေဂျင်စီက ဖေဖော်ဝါရီ ၁၀ ရက်တွင် ကြေညာသည်။

ဗီဂါဒုံးပျံကို တနင်္လာနေ့တွင် ပြင်သစ်(ဂီယာနာ)ရှိ ကော်ရိုး အာကာသယာဉ်လွှတ်တင်ရေးစခန်းက ပစ်လွှတ်သွားရန် စီစဉ်လျက်ရှိသည်။ ၄င်းဗီဂါဒုံးပျံကို ဥရောပအာကာသအေဂျင်စီက ၁၉၉၀ ပြည့်လွန်နှစ်များတွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၄င်းဒုံးပျံက ဂြိုဟ်တုကိုးလုံး သယ်ဆောင်သွားမည်ဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၃ ✻